မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၃)

(၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)ဘောလုံးပြိုင်ကွင်း၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၉ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင်အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

လူသားချင်း စာနာထောက်ထားမှုနဲ့ သနား ချစ်ခင်မှုကို အလေးထားတဲ့ အနေနဲ့၊ သူတို့ရဲ့မိသားစုတွေကို ငဲ့ညှာတဲ့ အနေနဲ့၊ ဒါ့အပြင် အကျဉ်းသားများဟာ နိုင်ငံတော်ရဲ့ မေတ္တာနဲ့ စေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေဖို့ ရည်ရွယ်တဲ့အနေနဲ့ ယခုလို လွတ်ငြိမ်းသက်သာခွင့်များ ပြုခဲ့ခြင်း ဖြစ်ပါတယ်။

ကျော်ရဲမင်း၏ ဆောင်းပါး
စာ ၈ နှင့် ၉ တို့တွင် ဖတ်ရှုနိုင်ပါသည်။

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏ လမ်းများ(၄)

ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ ပျော်ဘွယ်လမ်းပိုင်း တစ်နေရာကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - ဆောက်လုပ်ရေးဝန်ကြီးဌာန

➤ သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ➤ ဓာတ်ပုံမှတ်တမ်း - ဆောက်လုပ်ရေးဝန်ကြီးဌာန ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံတွင် လမ်းများတိုးတက်များပြားလာသကဲ့သို့ ယာဉ်များလည်း တိုးတက်လာသည်မှာ မျက်မြင်ပင်ဖြစ်သည်။

လမ်းများကို သတ်မှတ်ဒီဇိုင်းနှင့် စံချိန်စံညွှန်းအတိုင်း တည်ဆောက်ပါက လမ်းပြုပြင်ထိန်းသိမ်းရေးစရိတ်သည် လမ်းတည်ဆောက်ရေးစရိတ်၏ ၂၅ ရာခိုင်နှုန်းသာ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ သတ်မှတ်ချက်များအတိုင်း မတည်ဆောက်နိုင်ပါက *စာမျက်နှာ ၁၀ ကော်လံ ၁* ✳

23-9 (01).pmd 1 9/22/2009, 2:07 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်)

ကုန်းတွင်းပိုင်းကုန်သွယ်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို အဓိကအားဖြင့် ယခင်က ပင်လယ်ရေကြောင်းထွက်ပေါက်များမှတစ်ဆင့် ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ ကုန်းတွင်းပိုင်းလမ်းကြောင်းများမှလည်း အောင်မြင်စွာဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

ကုန်းတွင်းပိုင်းလမ်းကြောင်းများဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီးမှတစ်ဆင့် ONE STOP Services စနစ်ဖြင့် သွင်းကုန်ပို့ကုန်လုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏသည်လည်း ကုန်းတွင်းပိုင်းကုန်သွယ်ရေးစခန်းများအနက် ဒုတိယတန်ဖိုးပမာဏ အများဆုံးဖြစ်သည်။

မူဆယ် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံ အိမ်နီးချင်းနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်းများ၊ သရက်သီး၊ ဖရဲသီး၊ သခွားမွေး စသည့်သစ်သီးဝလံများ၊ ငါး၊ ပုစွန်၊ ငါးရှဉ့် စသည့်ရေထွက်ပစ္စည်းများကို ပို့ကုန်များအဖြစ် တင်ပို့နိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှလည်း ဆန်၊ ကဏန်း၊ ပုစွန်၊ ငါးမျိုးစုံ၊ သီဟိုဠ်စေ့၊ ကွမ်းသီးတို့ကို အိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အဖြစ် လယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ကားအပိုပစ္စည်း၊ ချည်ထည်ပိတ်စနှင့် အလှကုန်ပစ္စည်းတို့ကို တင်သွင်းခဲ့သည်။

ယခုအခါ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေနှင့်အတူ မြဝတီစခန်း၊ တမူးစခန်းများသည် ကုန်းတွင်းပိုင်းလမ်းကြောင်း စခန်းများအဖြစ် ပုံမှန်ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြရာ အောင်မြင်စွာ အခြေချဆောင်ရွက်နိုင်ပြီး မူဆယ်ဇုန်၏ ကုန်သွယ်မှုပမာဏသည် ကုန်းတွင်းပိုင်းကုန်သွယ်ရေးစခန်းများအနက် တန်ဖိုးပမာဏအများဆုံး စခန်းလည်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ယခင်က ပင်လယ်ရေကြောင်းထွက်ပေါက် ရန်ကုန်ဆိပ်ကမ်းကဲ့သို့သော ဆိပ်ကမ်းတစ်ခုတည်းကို အားကိုးအားထားပြုနေရာမှ ကုန်းတွင်းပိုင်းကုန်သွယ်ရေးလမ်းကြောင်းများသည်လည်း အဓိကအားထားရသော လမ်းကြောင်းများ ဖြစ်တည်လာခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပင်လယ်ရေကြောင်းထွက်ပေါက်သာမက ကုန်းတွင်းပိုင်း ကုန်သွယ်မှုစနစ်ဖြင့် သွင်းကုန်ပို့ကုန်လုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်လျက်ရှိရာ ပြည်ပကုန်သွယ်မှုလုပ်ငန်းပမာဏ တိုးမြှင့်ဖော်ဆောင်နိုင်ရန် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ၂၀၀၉ခုနှစ် (၆၁) နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day 2009) အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြား

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်ကိုယ်စား Country Director Mr.Toshihiro Tanaka က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်(IMO) အတွင်းရေးမှူးချုပ် Mr. Efthimios E. Mitropoulos ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်၏ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်းသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်ကိုလည်း စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည် (Climate Change: A Challenges for IMO too) ဗီဒီယိုကို ပြသသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ညစ်ညမ်းမှုကင်းမဲ့သော ပင်လယ်ပြင်၌ လုံခြုံစိတ်ချ၍ အန္တရာယ်ကင်းစွာ ပင်လယ်ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများနှင့် ရေကြောင်းဘက်ဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၃-၉-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မေးမြန်းစူးစမ်း
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၉။	ကျန်းမာသုတ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **မော်ဆရာနှင့်ပင်လယ်နတ်သမီး** (အပိုင်း-၇)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်**(တတိယတွဲ) (အပိုင်း-၁၀)

Internet Resource Management Essential ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ Internet Resource များကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ စက်တင်ဘာ ၂၆ရက်(စနေနေ့) နံနက် ၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် Function Hall(1) တွင် Australia နိုင်ငံရှိ Asia Pacific Network Information Centre (APNIC) မှ Training Officer ဖြစ်သူ Mr. Jeffery Leander Toscoနှင့် Senior Training Specialist ဖြစ်သူ Mr. Vithanage Chanpika Wijayatunga ဖြစ်သူတို့က Internet Resource Management Essential ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ရုံးခန်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကွန်ပျူတာပညာရှင်အသင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**(၇)နေ့ဖြစ်စဉ် ဗုဒ္ဓဝင်** တရားတော် (ဆရာတော် ဒေါက်တာစန္ဒာသီရိ)
၆း၄၅	အဓိဋ္ဌာန်ပြုကာ ဆုမြွေမည် ဦးရာဇ်တော်စေတီ
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများ ဆုံစည်းရာ** (အပိုင်း-၁၄)
၈း၃၀	Sports World (Player's Live)
၈း၅၅	Industrial Talk
၉း၂၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Ma Khin Aye)
၉း၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးဌေးအောင်)
၁၀း၂၀	ကားဝယ်ချင်သလား…? Sakura Auto Auction Centre ကို သွား…
၁၀း၃၀	အမျိုးသားများတွင်အဖြစ်များသော ကင်ဆာရောဂါများ (အသံအိုးကင်ဆာ၊ အဆုတ်ကင်ဆာ) (ပါမောက္ခ ဒေါက်တာသီတာစန်း)
၁၀း၄၀	ခေတ်ပြိုင် ဂီတမှတ်တိုင်များ (ဒေါ်ရီတာစိုးဝင်း)
၁၁း၁၀	Activities in the City (ပိဋ္ဌကသုံးပုံ နိကာယ်စာသင်တိုက်၏ အခမဲ့ သွားနှင့်ခံတွင်း ဆေးကုသပွဲ)
၁၁း၂၅	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း (အပိုင်း-၂)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၅၅	ဗီဒီယိုပြခန်း
၁၂း၂၀	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၁း၀၀	**(၇)နေ့ဖြစ်စဉ် ဗုဒ္ဓဝင်** တရားတော် (ဆရာတော် ဒေါက်တာ စန္ဒာသီရိ)
၁း၄၅	အဓိဋ္ဌာန်ပြုကာဆုမြွေမည် ဦးရာဇ်တော်စေတီ
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (ယောက်ျားကို အားကိုးတာကောင်းတယ်၊ ယောက်ျားကို အားမကိုးတာကောင်းတယ်)
၃း၄၀	Say it in English
၃း၅၅	မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၄း၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ (OA ဒူးနာရောဂါအကြောင်း)(အပိုင်း-၁)
၄း၂၀	စာအုပ်စာပေ လူ့မိတ်ဆွေ (စာရေးဆရာမ-ဒဂုန်ခင်သဇင်နှင့် တွေ့ဆုံခြင်း)
၄း၅၀	Activities in the City (ပိဋ္ဌကသုံးပုံ နိကာယ်စာသင်တိုက်၏ အခမဲ့ သွားနှင့်ခံတွင်း ဆေးကုသပွဲ)
၅း၀၀	ကားဝယ်ချင်သလား…? Sakura Auto Auction Centre ကို သွား…
၅း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (Lလွန်းဝါ၏ဓာတ်ပုံထဲမှအမှတ်တရများ)
၆း၅၅	ဗီဒီယိုပြခန်း
၇း၀၀	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တေးသံရှင်စိုင်းထီးဆိုင်၏ မိသားစုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၇း၃၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဒေါ်ရီတာစိုးဝင်း)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ယောက်ျားကို အားကိုးတာကောင်းတယ်၊ ယောက်ျားကို အားမကိုးတာကောင်းတယ်)
၉း၂၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Ma Khin Aye)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၄)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	Industrial Talk
၁၂း၁၅	UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ
၁၂း၂၅	**နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၂း၃၅	မှီအသားမျှင် တစ်သျှူးမျိုးပွားနည်း
၁၂း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လှိုင်မြို့နယ် အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ရက်က ပုလဲရတနာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က မြို့နယ်အဆင့် စာစီစာကုံးပထမဆု(အဋ္ဌမတန်း)မှ မအိန္ဒြာဇင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၈)

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၁၄)ကြိမ်မြောက်

ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၁၄)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာ ဘာသာရပ်အသီးသီးမှ အထူးကု ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

မှတ်ပုံတင်

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်းများ၊ Symposium များ၊ Clinical Session များ၊ Clinico Pathological Conference (CPC) များ ပါဝင်မည်ဖြစ်ကြောင်း၊ မိမိတို့နှင့်သက်ဆိုင်ရာ ဘာသာရပ်အဖွဲ့များမှတစ်ဆင့် မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် ၂၁နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် တပ်မတော်(ရေ)ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများသည် ပြိုင်ကွင်းအတွင်း၌ နေရာယူကြသည်။

ကြိုးပမ်းယှဉ်ပြိုင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က အားကစားအဆင့်အတန်း မြင့်မားတိုးတက်ခြင်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်၊ ဇာတိဂုဏ်တို့ကို တိုးတက်မြင့်မားစေကြောင်း၊ အားကစားအောင်နိုင်မှုအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ညွှန်းစေကြောင်း၊ ထို့ကြောင့် ဘောလုံးအားကစားတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား ဘောလုံးသမားများ ပေါ်ထွက်လာအောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ တပ်မတော်(ရေ)ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆန်ပါလေ

လောကသည် လျှော့သက်နိမ့်ဆင်းနေ၏။
လောကနှင့်ရော၍ မလျှော့သက်ပါစေနှင့်။
လောကသည် ရှုပ်၍ရှုပ်၍ ဆုတ်ယုတ်နေ၏။
လောကအရှုပ်နှင့်ရော၍ မဆုတ်ယုတ်ပါစေနှင့်။
လောကသည် အစုန်ရေကြော၌ ဒလဟောမျောနေ၏။
လောကကိုလှန်၍ ဆန်တက်ပါလေ။

ဘဒ္ဒန္တ မာနိတသိရီဘိဝံသ

မိဘဆရာအသင်းစည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်

ဒေါ့ဖုန်းယန် စက်တင်ဘာ ၂၂

ဒေါ့ဖုန်းယန်မြို့နယ် ဖာကေကျေးရွာ အလယ်တန်းကျောင်းခွဲ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာသင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက်က ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပညာရေးနာယက ဦးခိုပေါင်း၊ အထကဒေါ့ဖုန်းယန် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်တို့က အမှာစကား ပြောကြားကြပြီး တာဝန်ရှိသူများက ဆုရရှိသော ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၉ ပညာသင်နှစ်

ပထမအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၉ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၅ရက်မှ ၁၂ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဖြေဆို

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်(သိပ္ပံအထူးပြု)၊ ဒုတိယနှစ်(သိပ္ပံအထူးပြု)နှင့် တတိယနှစ် (သိပ္ပံအထူးပြု) ကျောင်းသား ကျောင်းသူအားလုံးသည် မိမိတို့နှင့်သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ကြေညာထား

အသေးစိတ်အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အင်တာနက်ကျန်းမာရေး

နေကြာစေ့ စားသုံးခြင်းသည် နှလုံးကြွက်သား သန်မာစေနိုင်ဟုဆို

နေကြာစေ့ကို စားသုံးခြင်းသည် နှလုံးသွေးကြောကျဉ်း ရောဂါနှင့် နှလုံးကြွက်သား သန်မာမှုတို့ကို အထောက်အကူပြုပေးနိုင်ကြောင်း၊ တစ်ဖန် ဆာလောင်မွတ်သိပ်မှုကိုလည်း ဖြေဖျောက်ပေးနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပါဝင်

နေကြာစေ့တွင် ဗီတာမင်အီး၊ မဂ္ဂနီဆီယမ်နှင့် ဆီလီနီယမ် သို့မဟုတ် သတ္တုဓာတ်များ ပေါများစွာ ပါဝင်လျက်ရှိသည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်အီး ဖြစ်သည်။

အားနည်းမှု

နေကြာစေ့ကို နေ့စဉ်ပုံမှန်စားသုံးပေးပါက ဦးနှောက်ဆဲလ်များ ပျက်စီးမှု၊ ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများပြားမှု၊ နှလုံးသွေးကြောများ အားနည်းမှုနှင့် ခန္ဓာကိုယ်အတွင်း အနာများ ဖြစ်ပွားမှုလျော့ကျစေနိုင်ကြောင်း သိရသည်။

ကျဆင်း

ထို့အပြင် နေကြာစေ့တွင်ပါဝင်သော ဓာတ်များက အုမကြီးကင်ဆာဖြစ်ပွားမှုကို ဟန့်တားကာကွယ်နိုင်ပြီး သွေးပေါင်ချိန် မြင့်တက်မှုကို ကျဆင်းစေနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ ။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဃ်န်းကျွန်း အထက(၁)တွင် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၉ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အထက(၁)ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိန်းနိုင်က အမှာစကားပြောကြားကာ ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ကြည့်ရှုအားပေး

ထို့နောက် တာဝန်ရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားပြခန်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံစာတတ်မြောက်ရေး လုပ်ရှားမှုပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

(၁၂၁)

ဆေးဝါးအတုများ ရောင်းချမှုမရှိရေး စစ်ဆေး

မိုင်းဖြတ် စက်တင်ဘာ ၂၂

မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးဝါးအတုနှင့် အသုံးပြုရန်မသင့်သော ဆေးဝါးများရောင်းချမှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်ဆရာဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ယခုအပတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၃၇တွင် အထူးမေတ္တာလက်ဆောင်အချပ်ပိုများ အပါအဝင် “**ခေတ်မီလယ်ယာစနစ်ဖြင့် မြန်မာ့လယ်ယာကဏ္ဍကို တစ်ဆစ်ချိုး ပြောင်းလဲနိုင်မည်လော**” မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၏ သုံးသပ်ချက်များပါသည့် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ “**ရွေးကောက်ပွဲနှင့် နိုင်ငံရေးယဉ်ကျေးမှု**”၊ ဆရာနေသွေးနောင်၏ “**နိုင်ငံရေးသမားရဲ့အမြင်**”၊ မြန်မာ-ထိုင်းကုန်သွယ်မှုတိုးချဲ့မည်၊ မြန်မာ့ပထမဆုံး မိုဘိုင်းလ်အသိပညာပေးယာဉ်ဖြင့် သဘာဝဘေးအန္တရာယ်သင့်နိုင်သော ဒေသများတွင် အိမ်တိုင်ရာရောက် ပညာပေးမည်၊ စားအုန်းဆီ ထူးခြားစွာ ဈေးငြိမ်နေ၊ စတီးရှိုက်နှင့် အင်တီဘိုင်အိုတစ်ဆေးဝါးများ သတိထား၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ “**စပ်ဆေးများနှင့် အန္တရာယ်**”အကြောင်း၊ သုံးမိနစ်မန်နေဂျာ ကဏ္ဍမှ “**အဖွဲ့အစည်းကို ဘယ်လိုဦးဆောင်မလဲ**”၊ “**မွေးလာမယ့် သမီးလေးကို ပညာတတ်ကြီးပဲ ဖြစ်စေချင်ပါတယ်**” သရုပ်ဆောင်နိုင်းနိုင်းတို့ဇနီးမောင်နှံနှင့် တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စင်ကာပူသည် ပြည်ပနိုင်ငံသားများအတွက် စီးပွားရေးလုပ်ကိုင်ရာတွင် အားရကျေနပ်မှု အရှိဆုံးမြို့ဖြစ်၊ ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်၍ အာဆီယံက မတုံ့မဆိုင်းဆောင်ရွက်ရန်လို၊ အသက် ၁၀၇နှစ်အရွယ် အမျိုးသမီးကြီး (၂၃)ကြိမ်မြောက်လက်ထပ်ရန် ကြင်ဖော်ရှာ၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရေခဲများအရည်ပျော်ကျမှုကြောင့် အာရှနှင့်အနောက်နိုင်ငံသွား ရေကြောင်းဖြတ်လမ်းတစ်ခု ပေါ်ထွက်လာ၊ တရုတ်သည် လူတုပ်ကွေးကာကွယ်ဆေး ထိုးနှံခွင့်ပြုလိုက်သည့် ပထမဆုံးနိုင်ငံဖြစ်လာ၊ ဝက်ဘ်ဆိုက်ပေါ်တွင် အီလက်ထရွန်နစ်ပစ္စည်းများ လိမ်ညာရောင်းချမှုကို ဥရောပသမဂ္ဂရှုတ်ချ၊ “**ယေးလ်တက္ကသိုလ်ဘွဲ့ရကျောင်းသူ လက်ထပ်ခါနီးတွင် အသတ်ခံရ**” မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ “**ပြောရဦးမယ် သူတို့က ဒီလိုတဲ့**” ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရုရှားနိုင်ငံ မော်စကိုမြို့ ခေတ်ဟောင်းကားပြပွဲတွင် ပြသမည့်ကားတစ်စီးကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဓာတ်ငွေ့တင်ပို့သည့် နိုင်ငံများအဖွဲ့ အစည်းအဝေး
ကာတာနိုင်ငံ ဒိုဟာမြို့၌ ယခုနှစ်ဒီဇင်ဘာတွင် ကျင်းပမည်

တီဟီရန် စက်တင်ဘာ ၂၂

ကာတာနိုင်ငံ ဒိုဟာမြို့၌ အဖွဲ့ဝင် ၁၅နိုင်ငံပါဝင်သည့် ဓာတ်ငွေ့တင်ပို့သည့်နိုင်ငံများအဖွဲ့ (ဂျီအီးစီအက်ဖ်)၏ ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း အီရန်ကိုယ်စားလှယ် မိုဟာမက်အလီခါတာဘီက စက်တင်ဘာ ၂၁ရက်၌ ပြောကြားလိုက်သည်။

ဒီဇင်ဘာ၉ရက်တွင် ကျင်းပမည့် ယင်း အစည်းအဝေး၌ ဂျီအီးစီအက်ဖ်၏ အထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ခန့်အပ်ရန်၊ အတွင်းရေးမှူးချုပ်ရုံးအဖြစ် ဗဟိုဌာနချုပ် နေရာသတ်မှတ်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ဓာတ်ငွေ့ဈေးနှုန်းတည်ငြိမ်မှု ရှိရေးတို့ကို အဓိက ထည့်သွင်းဆွေးနွေး သွားမည်ဖြစ်ကြောင်း ခါတာဘီက ထည့် သွင်း ပြောကြားသည်။

ထားရှိနိုင်

ဓာတ်ငွေ့အိုပက်ဟု လူသိများသည့် ဂျီအီးစီအက်ဖ် အတွင်းရေးမှူးချုပ်ရုံးကို ဒိုဟာမြို့တွင် ထားရှိနိုင်ကြောင်း ၄င်းက ပြောကြားသွားသည်။

(အင်တာနက်)

ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ သိပ္ပံနှင့် နည်းပညာပြတိုက်တွင် ပြသထားသည့် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရန်ကို တိုက်ခိုက်မည်မဟုတ်ကြောင်း အစ္စရေးကတိပြုထား
ရုရှားသမ္မတမက်ဗီဒက် ထုတ်ဖော်ပြောကြား

မော်စကို စက်တင်ဘာ ၂၂

အစ္စရေးက အီရန်အားတိုက်ခိုက်မည်မဟုတ်ဟု ရုရှားအား ကတိကဝတ်ပြုထားကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်က တွေ့ဆုံမေးမြန်းခြင်းတစ်ရပ်တွင်ပြောကြားပြီး ယင်းသို့တိုက်ခိုက်ခဲ့ပါက အဆိုးရွားဆုံး လုပ်ရပ်ဖြစ်မည်ဟု ပြောကြားလိုက်သည်။

အီရန်က ယူရေနီယံသန့်စင်မှု ရပ်ဆိုင်းရန် ငြင်းဆန်ပြီး အဏုမြူဗုံးလုပ်မည့်နည်းလမ်းအပေါ် အတင်းအကျပ် ငြင်းပယ်မည်ဟု အစ္စရေးက အရိပ်အမြွက်ပြောကြားခဲ့သည်။ ထို့ပြင် ရုရှားက အီရန်သို့ အက်စ်-၃၀၀ အမည်ရှိ လေယာဉ်တိုက်ဖျက်ရေး လက်နက်များ ဖြည့်ဆည်းပေးမည့် အစီအစဉ်ကိုလည်း အစ္စရေးက ဝေဖန်ပြောကြားခဲ့သည်။

ရွေးချယ်

ရုရှားအစိုးရက အီရန်အား အထောက်အကူပြုနေသည်ဟု စွပ်စွဲချက်ကို မက်ဗီဒက်ကငြင်းဆန်သည်။ သို့ရာတွင် ကာကွယ်ရေး လက်နက်များရောင်းချခွင့် ရုရှားတွင်ရှိပြီး အီရန်အပေါ် အရေးယူ ပိတ်ဆို့မှုသည် နောက်ဆုံးရွေးချယ်ရမည့်နည်းလမ်းဟု ၄င်းက ဆက်လက်ပြောကြားသည်။

ပြောကြား

အီရန်က အစ္စရေးနှင့် အခြားနိုင်ငံများအား လက်စားချေတိုက်ခိုက်မည့် ဆန္ဒမရှိဘဲ ရိုးသားပါကြောင်း၊ တိုက်ခိုက်မှုကြောင့် လူသားချင်းဆိုင်ရာ ပြဿနာများနှင့် ဒုက္ခသည်ပြဿနာများ ပေါ်ပေါက်နိုင်သည်ဟု မက်ဗီဒက်က ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျော်ဂျီယာမြောက်ပိုင်း ဝင်စတန်မြို့တွင် မုန်တိုင်း တိုက်ခတ်သဖြင့် လမ်းများရေဖုံးလွှမ်းခံရကာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဥရောပ၌ A(H1N1)ဖြစ်ပွားသူ
၆၅၀ကျော် တိုးလာ

စတော့ဟုမ်း စက်တင်ဘာ ၂၂

ဥရောပနိုင်ငံများ၌ လွန်ခဲ့သည့် ၂၄နာရီအတွင်း A(H1N1) တုပ်ကွေးရောဂါ နောက်ထပ်ဖြစ်ပွားသူ ၆၅၃ဦးရှိကြောင်း ဥရောပကျန်းမာရေးဌာနက စက်တင်ဘာ ၂၀ရက်တွင် အတည်ပြုပြောကြားသည်။

ဖော်ပြ

ယင်းရောဂါ ဖြစ်ပွားသူများသည် ဂျာမနီနိုင်ငံ၌ ၂၁၈ဦး၊ ပေါ်တူဂီ၌ ၁၅၈ဦး၊ ဗြိတိန်၌ ၁၄၉ဦး၊ အိုင်ယာလန်၌ ၅၄ဦးတို့ ဖြစ်ကြပြီး အခြားဥရောပနိုင်ငံ ကိုးနိုင်ငံ၌ ၇၄ဦးရှိကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန (အီးစီဒီစီ)က နေ့စဉ်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥရောပနိုင်ငံများတွင် ယင်းရောဂါ ဖြစ်ပွားသူဦးရေသည် ၅၂၇၁၀အထိ မြင့်မား လာသည်ဟု အီးစီဒီစီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒုံးခွင်းဒုံးစနစ် ဖယ်ရှားမှု ပိုလန်ပြည်သူတို့ သဘောထား

ဝါဆော စက်တင်ဘာ ၂၁

ဥရောပဒေသရှိ ပိုလန်နိုင်ငံတွင် တစ်စိတ်တစ်ပိုင်း ဖြန့်ကြက်ထားမည့် ဒုံးခွင်းဒုံးအစီအစဉ်ပယ်ဖျက်မည့် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ပိုလန်ပြည်သူထက်ဝက်နီးပါးက ထောက်ခံကြကြောင်း စက်တင်ဘာ ၁၉ရက်က ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

ပိုလန်နိုင်ငံတွင် ကြားဖြတ်ဟန့်တားမည့် ဒုံးခွင်းဒုံးစနစ်တည်ဆောက်ရေးနှင့် ချက်သမ္မတနိုင်ငံတွင် တည်ဆောက်မည့် ရေဒါစီမံကိန်းပယ်ဖျက်ပြီး အခြားပျော့ပျောင်းသည့်အစီအစဉ်တစ်ရပ်ကို သမ္မတအိုဘားမားက စက်တင်ဘာ ၁၆ရက်၌ ပြောကြားလိုက်သည်။

ဖော်ပြပါဆုံးဖြတ်ချက်ကို ထက်ဝက်နီးပါးသော ပိုလန်ပြည်သူများက ပိုလန်အတွက်ကောင်းမွန်သည်ဟုယူဆကြပြီး အချို့ပြည်သူများက ယင်းအယူအဆကို ဆန့်ကျင်ကြသည်ဟု စစ်တမ်းတွင်ဖော်ပြသည်။ ပိုလန်ပြည်သူအများစုကမူ ယင်းအစီအစဉ်သည် ပိုလန်နိုင်ငံ၏ လုံခြုံရေးအတွက် မထိခိုက်ဟု ဆိုကြသည်။

အမ်အင်န်အေ၊ရိုက်တာ

ယာဉ်တိုက်မှုဖြစ်ပွား

အီရန်နိုင်ငံ မာဇန်ဒါရန်ပြည်နယ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ သင်္ဘောနစ်မြုပ် ၁၅ဦးသေဆုံး ၁၆ဦးဒဏ်ရာရ

ဂျကာတာ စက်တင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကာ ဒေသ၌ စက်တင်ဘာ ၂၁ရက်က ခရီးသည်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ၁၅ဦးသေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြား သတင်းဌာနက သတင်းထုတ်ပြန်သည်။

ထွက်ခွာ

သစ်သားဖြင့် ပြုလုပ်ထားသည့် အဆိုပါသင်္ဘောမှာ ဒီဆာဂိုတိုဝေ့စ်ကျေးရွာမှ မာဘတ်ကျေးရွာသို့ ထွက်ခွာလာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ပိုမိုများပြား

ပျောက်ဆုံးနေသူသုံးဦးအား ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပျောက်ဆုံးနေသူဦးရေမှာ ယခုထက်ပိုမိုများပြားနိုင်သည်ဟု ယူဆကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဆူဘာဂျို ဒီဝီက ပြောကြားသည်။

နစ်မြုပ်

ရာသီဥတုဆိုးရွားမှုနှင့်အတူ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်လာသဖြင့် သင်္ဘောနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

စင်ကာပူနိုင်ငံအနီးပင်လယ်ပြင်၌ ပင်လယ်ဓားပြများ သောင်းကျန်းလာ

စင်ကာပူ စက်တင်ဘာ ၂၂

စင်ကာပူနိုင်ငံ ရေပိုင်နက်နှင့်အနီးဝန်းကျင်ရှိရေပြင်တွင် ယခုနှစ်အတွင်း သင်္ဘောပြန်ပေးဆွဲမှုများ ပိုမိုများပြားလာကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်တွင် တောင်တရုတ်ပင်လယ်၌ ပင်လယ်ပြင်တိုက်ခိုက်မှု ၁၀မှုရှိသဖြင့် ငါးနှစ်အတွင်း သင်္ဘောပြန်ပေးဆွဲမှု အများဆုံးနှစ် ဖြစ်သည်ဟုဆိုသည်။

ကြိုးပမ်း

မလက်ကာရေလက်ကြားနှင့် စင်ကာပူရေလက်ကြားတွင် ပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိသည်။ ယခုနှစ်အတွင်း၌ ပင်လယ်ဓားပြများသည် သင်္ဘောများကို ငါးကြိမ်တိုင် စီးနင်းနိုင်ခဲ့ပြီး သင်္ဘောပေါ်သို့ တက်ရောက်နိုင်ရန် ကြိုးပမ်းမှုတစ်ကြိမ်ရှိခဲ့သည်။

ပြီးခဲ့သည့်နှစ် အလားတူကာလတွင် အဆိုပါရေလမ်းကြောင်းနှစ်ခု၌ သင်္ဘောပြန်ပေးဆွဲမှုတစ်ကြိမ်နှင့် ပြန်ပေးဆွဲရန်ကြိုးပမ်းမှု သုံးကြိမ်ရှိခဲ့ကြောင်း သိရသည်။ ရေနံတင် သင်္ဘောကြီးများနှင့် ကုန်တင်သင်္ဘောကြီးများ တိုက်ခိုက်ခံရဆုံးဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ အမှတ် (၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့အား မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီးများအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President Mme. Zhang Xiaolu နှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၉ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာခန်းမ၌ ဧရာဝတီ၊ မေခ-မလိခမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေးကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ထို့နောက် China Power Investment Corporation (CPI) မှ Vice President က ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့်လုပ်ငန်းကို ရှင်းလင်းပြောကြားကြကာ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ဖြည့်စွက်ရှင်းလင်းပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား China Power Investment Corporation (CPI) မှ Vice President နှင့်အဖွဲ့သည် ယင်းနေ့ ညနေပိုင်းတွင် မလိခရိပ်သာ ဧည့်ခန်းမ၌ ထပ်မံတွေ့ဆုံပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံ

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် စက်တင်ဘာ၂၀ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ မြို့မိမြို့ဖများ၊ ကုန်သည်ကြီးများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ကျေးရွာ၊ ရပ်ကွက် ဥက္ကဋ္ဌများအား တွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီးများ၊ China Power Investment Corporation (CPI)မှ တာဝန်ရှိသူများသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမှတ်(၅) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးစိုးနိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြ၍ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဧရာဝတီမြစ်ဆုံအနီး တန်ဖဲရွာ၌ ဒေသခံပြည်သူများအားတွေ့ဆုံပြီး အဝတ်အထည်များ၊ ဆန်၊ ဆီ၊ ဆားများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) မြင်းခြံ ပထမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၂

အထက(၂) မြင်းခြံမြို့မှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မြင်းခြံမြို့ အထက(၂)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေများကို ဦးမြင့်နိုင်ဦး ဖုန်း-၀၆၆-၂၁၆၈၁၊ ဦးဌေးဝင်း ဖုန်း-၀၆၆-၂၂၅၉၅နှင့် ဦးဆွေဝင်းအေး ဖုန်း-၀၉-၂၂-၁၅၁၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လမ်း၊ တံတားစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး တိုင်းစည်ပင်ညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အတူ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး အဖွဲ့ရုံးတွင် အမှုဆောင်အရာရှိဦးကြည်စောက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မြို့ပြလမ်း/တံတား/ရေပေးရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျေးလက် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ရှိမှုအခြေအနေများကို မြေပုံကားချပ်စာရင်း ဇယားများဖြင့် တင်ပြရာ ညွှန်ကြားရေးမှူးက လမ်း၊ တံတားများကို သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ မိုးကုန်ပါကလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အမြဲမပြတ်ဆောင်ရွက်

ယင်းနောက် အမှုဆောင်အရာရှိက ကျောက်တန်းမြို့ ရေပေးဝေရေးနှင့်ပတ်သက်၍ ဆင်ကန်တွင် မိုးရာသီ ရေဝင်ရောက်မှုအခြေအနေ ဒိုက်ပင်ချုံနွယ်များ ရှင်းလင်းမှုအခြေအနေ၊ မြို့ပေါ်ခြောက်ရပ်ကွက်သို့ ရေပေးဝေမှုအခြေအနေ၊ ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်ဘုရားသို့ နေ့စဉ်ရေပေးဝေမှု အခြေအနေတို့ကိုတင်ပြရာ ညွှန်ကြားရေးမှူးက ကျောက်တန်းမြို့အနေဖြင့် ဆင်ကန်ရေကိုသာအဓိကထားသုံးစွဲနေရသဖြင့် ရေပုံမှန်ပေးနိုင်ရေး ညှိနှိုင်း ဆောင်ရွက်ရန်နှင့် ကျိုက်မှော်ဝန်းရေလယ်ဘုရားသို့ နိုင်ငံခြားသားများ အသွားအလာရှိသဖြင့် ရေပို့လွှတ်မှုအခြေအနေကို အမြဲမပြတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(နယ်စပ်/စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့အနီး၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့အနီးတွင် စက်တင်ဘာ၂၂ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း၊ လေယာဉ်မှာ အင်ဂျင်ချွတ်ယွင်းပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးနိုင်ငံမှ လေကြောင်းအရာရှိများက ပြောကြားသည်။

တောင်အာဖရိကရှိ အမေရိကန်သံရုံးပိတ်ထားရ

တိုက်ခိုက်ခံရနိုင်သည်ဟု တောင်အာဖရိကနိုင်ငံလုံခြုံရေးအရာရှိများက သတိပေးမှုကြောင့် တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ရှိ အမေရိကန်သံရုံးကို စက်တင်ဘာ ၂၂ရက်၌ ယာယီပိတ်ထားကြောင်း၊ ထို့အပြင် ဂျိုဟန်နစ္စဘတ်မြို့၊ ပရီတိုရီးယားမြို့နှင့် ဒူရာဘန်မြို့တို့ရှိ အမေရိကန်သံအဖွဲ့များအား သတိပေးချက် ထုတ်ပြန်ထားကြောင်း ယင်းသံရုံးကသတင်းထုတ်ပြန်သည်။

တရုတ်၌ မြေအောက်ရထားလမ်းသစ်ဖွင့်မည်

လာမည့် အောက်တိုဘာ ၁ရက်၌ကျရောက်မည့် တရုတ်နိုင်ငံ အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေကျင်းမြို့မှ ၂၈ ဒသမ ၂ကီလိုမီတာရှည်သော မြေအောက်ရထားလမ်းသစ် တစ်လမ်းဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းမြေအောက်ရထားလမ်းသည် ဘူတာပေါင်း ၂၄ဘူတာကို ဖြတ်သန်းပြီး နေ့စဉ်ခရီးသည် ၄၀၀၀၀၀ ကျော်ကို သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း တရုတ်ပို့ဆောင်ရေးအရာရှိများက စက်တင်ဘာ ၂၂ရက်၌ ပြောကြားသည်။

အမေရိကန်အရှေ့တောင်ပိုင်း၌ ရေလွှမ်း

အမေရိကန်နိုင်ငံအရှေ့တောင်ပိုင်းရှိ မြောက်ကယ်ရိုလိုင်းနား၊ အလာဘားမားနှင့် တင်နက်ဆီပြည်နယ်တို့တွင် စက်တင်ဘာ ၂၂ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားရာ ခုနစ်ဦးသေဆုံးကာ ဒေသခံအများအပြား ရေဘေးဒုက္ခ ကြုံတွေ့ရကြောင်း သတင်းထုတ်ပြန်သည်။ ***(အပေါ်ပုံ)***

နှစ်ပေါင်း ၂၀ကျော်ကာလအတွင်း အီရန်၌ ပထမဆုံးစစ်လေယာဉ်ပျက်ကျ

အီရန်နိုင်ငံ တီဟီရန်မြို့တောင်ပိုင်းတွင် စက်တင်ဘာ၂၂ရက်က အီရန်စစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ကြောင်း၊ မတော်တဆဖြစ်ရပ်ဖြစ်သော်လည်း ၁၉၈၈ခုနှစ်နောက်ပိုင်း စစ်လေယာဉ်ပျက်ကျမှု ပထမဆုံးဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ရေနံတင်သင်္ဘောသုံးစင်း အပိုင်စီးရန် ကြံစည်မှု အီရန်ရေတပ်သင်္ဘော ဟန့်တားနိုင်ခဲ့

ဒေဗင်ပင်လယ်ကွေ့တွင် အီရန်ရေနံတင်သင်္ဘောသုံးစင်းကို အပိုင်စီးရန် ချဉ်းကပ်လာသော ပင်လယ်ဓားပြများအား အီရန်စစ်သင်္ဘောများက စက်တင်ဘာ ၂၂ရက်က အချိန်မီပစ်ခတ်ဟန့်တားနိုင်ခဲ့ကြောင်း အီရန်စစ်ဘက်အရာရှိများက ထုတ်ဖော်ပြောကြားပြောကြားသည်။ ။ ***(အောက်ပုံ)*** ***(အင်တာနက်)***

Intellectual Property for Business သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ဂျပန်နိုင်ငံ Association for Technical Scholarship (AOTS) တို့ ပူးပေါင်းကျင်းပသော Intellectual Property for Business သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်နှင့် Association for Technical Scholarship (AOTS)မှ ကိုယ်စားလှယ် Mr. Kenichiro Aigo တို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ အခြားအသင်းအဖွဲ့များ၊ အသင်းဝင်ကုမ္ပဏီများ၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် သမဝါယမဒီဂရီကောလိပ်တို့မှ သင်တန်းသားစုစုပေါင်း ၄၄ဦးတို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

သင်ကြား

သင်တန်းကာလမှာ စက်တင်ဘာ ၂၉ ရက်အထိဖြစ်ပြီး သင်တန်းပြီးဆုံးပါက နောက်ဆက်တွဲအဖြစ် JODC ၏ တစ်လကြာ On-Job Training (OJT) တစ်ရပ်ကို ဆက်လက်သင်ကြားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၉ရက်က အထက (၁) လမ်းမတော်ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ဟောပြောဆွေးနွေးစဉ်။ (ပညာရေး)

တက္ကသိုလ်ဝင်တန်း ထူးချွန်အောင်မြင်သူများ ဆုချီးမြှင့်ပွဲ ဗဟန်းအထက(၂)၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက်၉နာရီက အထက(၂) ဗဟန်းကျောင်းအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာအောင်မြင်ကြသော ခြောက်ဘာသာဂုဏ်ထူးရှင်ငါးဦး **(အောက်ပုံ)**၊ ငါးဘာသာဂုဏ်ထူးရှင် ၄၁ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၀၊ သုံးဘာသာဂုဏ်ထူးရှင် ၃၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၇၅ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၂၃၀ တို့အား မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က ဆုများပေးအပ်ချီးမြှင့်ပြီး ရွှေတံဆိပ်အလှူရှင် ဦးကိုကိုအေး-ဒေါ်သီသီနိုင်နှင့် ဦးလှိုင်သက်နိုင်-ဒေါ်စန္ဒာညွန့်တင် မိသားစုတို့ကလည်း ခြောက်ဘာသာဂုဏ်ထူးရှင်များအား ရွှေသားဆုတံဆိပ်များ ထပ်ဆင့်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ ဆက်)**

လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ ရွာလယ်လမ်းဆုံတွင် မြေယာရှုခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၅ ရက်က ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါ၌ ပညာသင်ထောက်ပံ့ငွေပေးအပ်

သီပေါ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စဉ်ဆက်မပြတ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြတို့ကအဖွင့် အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာသင်ထောက်ပံ့ကြေးငွေ ရရှိသည့် အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ဖြင့် ငါးဦးကိုလည်းကောင်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ဖြင့် ခုနစ်ဦးကိုလည်းကောင်း၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ဖြင့် ၁၀ဦးကိုလည်းကောင်း မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကျင်မြ **(အောက်ပုံ)**နှင့် တာဝန်ရှိသူများက ထောက်ပံ့ကြေး၊ ဆုပစ္စည်းများနှင့် ဗလာစာအုပ်များကို တစ်ဦးချင်းပေးအပ်ကြသည်။ **(၀၂၀)**

အထက(၂) စစ်တွေ၌ ပညာရည်ချွန်ဆုချီးမြှင့်

စစ်တွေ စက်တင်ဘာ ၂၂

ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ပညာရည်ချွန်ဆုပေးပွဲကို ယင်းကျောင်း မဓမ္မဇေယျခန်းမ၌ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဂုဏ်ပြု

အစီအစဉ်အရ ပြည်နယ်ပညာရေးမှူး ဦးဝင်းဆွေက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေလှူဒါန်းသောအလှူရှင်များအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းမောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်ပြီး ဂုဏ်ထူးရရှိသော ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၅ဦးတို့အား ပြည်နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များက ဆုများချီးမြှင့်ပေးကြသည်။ **(အောက်ပုံ) (ပညာရေး)**

ယာဉ်နှင့် လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မော်လမြိုင်မြို့နယ် အထက(၆)၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ရက်က မော်လမြိုင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝေက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် တာဝန်ခံ(ယာဉ်ထိန်း) ဒုရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရေးအကြောင်းကိုလည်းကောင်း ***(အောက်ပုံ)***၊ *ဒုရဲအုပ်အောင်နိုင်က ဆိုင်ကယ်နှင့် စက်ဘီးစီးနင်းသူများ၊ ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုရဲအုပ်အောင်အောင်နိုင်က လမ်းဆုံများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် လက်အချက်ပြစနစ်ကိုလည်းကောင်း ဟောပြောပို့ချပြသပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဓာတ်လမ်းခွေကို ပြသသည်။*

ပြောကြား

ထို့နောက် တာဝန်ခံ (ယာဉ်ထိန်း)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် မှတ်တမ်းဓာတ်ပုံများ၊ သိသင့်သိထိုက်သည်များလိုက်နာရန် စည်းကမ်းချက်များကို ယင်းကျောင်းတွင် ရက်သတ္တတစ်ပတ်ကြာ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။

ကျင်းပ

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင်ရှိ မြို့နယ်ခြောက်မြို့နယ်နှင့် သထုံခရိုင်ရှိ မြို့နယ်လေးမြို့နယ်တို့၏ အခြေခံပညာကျောင်း အသီးသီးတို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ***(သတင်းစဉ်)***

သာစည်မြို့၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

သာစည် စက်တင်ဘာ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကိုဩဂုတ်၂၈ရက် နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မောင်စိုးက စားသောက်ဆိုင်များ လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးမှူးက သိရှိလိုသူများ၏မေးမြန်းချက်များကိုပြန်လည်ရှင်းလင်းဖြေကြားပြီး စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **(၀၉၄)**

ကျွန်းလှမြို့အဝင် ဆိုင်းဘုတ်က ဤသို့ ကြိုဆိုနေသည်။ (မြန်မာ့အလင်း)

*** ကျော်ဖုံးမှ**

ဩဂုတ် ၁၈ရက် နံနက် ၁၀နာရီတွင် မန္တလေး-မြစ်ကြီးနားအဆန်မီးရထားဖြင့် ဆက်လက်လိုက်ပါခဲ့ရာ မြင်ကွင်းက ပြောင်းလဲသွားသည်။ ည ၁၀နာရီတွင် မိမိသွားမည့် ခရီးဆုံးဘူတာဖြစ်သော ကျွန်းလှမြို့ဘူတာရုံသို့ ဆိုက်ရောက်ခဲ့သည်။

ကျွန်းလှမြို့နယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကိုခရေစေ့တွင်းကျ သိရှိနိုင်ရေးအတွက် ဩဂုတ် ၂၀ရက် နံနက်ရုံးဖွင့်ချိန်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်မြင့်တို့နှင့် ရုံးခန်း၌ သွားရောက်တွေ့ဆုံပြီး ကျွန်းလှမြို့နယ်၏ ဘက်စုံတိုးတက်ဖွံ့ဖြိုးမှုအခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့သည်။

ပေါက်ရောက်

ကျွန်းလှမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀နှင့် ၁၅၀၀အကြားတွင်တည်ရှိပြီး တောတောင်ထူထပ်သော ဒေသဖြစ်သည်။ မြို့နယ်၏အနောက်ပိုင်း၌ အလယ်ရိုးမတောင်တန်းမှ ခွဲထွက်လာသော ဖြူးတောင်တန်းသည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသည်။ သစ်တောကြိုးဝိုင်းများရှိပြီး ကျွန်း၊ သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ အင်နှင့် ကညင်ပင်များပေါက်ရောက်လျက်ရှိသည်။

မြို့နယ်ဥက္ကဋ္ဌက ''ကျွန်းလှမြို့နယ်ဟာ စစ်ကိုင်းတိုင်း အလယ်ပိုင်းမှာ တည်ရှိပြီး ရန်ကုန်မြို့ရဲ့အနောက်မြောက် ယွန်းယွန်း ၅၂၅မိုင်အကွာ ရွှေဘိုခရိုင်အတွင်းမှာ တည်ရှိပါတယ်။ မြို့နယ်ရဲ့ အကျယ်အဝန်းက ၁၃၀ ဒသမ ၉၄ စတုရန်းမိုင်ရှိပါတယ်။ ကျွန်းလှမြို့နယ်ကို မြို့ပေါ်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၃ အုပ်စု ကျေးရွာပေါင်း ၁၁၂ရွာနဲ့ဖွဲ့စည်းထားပြီး မြို့ပေါ်နှင့် ကျေးလက်လူဦးရေစုစုပေါင်း ၈၅၀၀၀ကျော်နေထိုင်ကြပါတယ်။ ကျွန်းလှမြို့နယ်ရဲ့ထူးခြားမှုကတော့ ဓာတ်သတ္တုနှင့် ရေနံစိမ်းထွက်ရှိမှု ဖြစ်ပါတယ်။ ကျွန်းလှမြို့နယ် မြနှစ်ဒေသမှာ မြေဖယောင်းပွမ်များထွက်ရှိပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ဖြင့် နှစ်စဉ်တူးဖော်နေရာ တစ်နှစ်ပျမ်းမျှ တန်ချိန် ၅၀၀၀ခန့် ထွက်ရှိပါတယ်၊ မော်ကယ်၊ နောင်ကောက်၊ ရေရှင်ဒေသတို့မှာတော့ ရေနံစိမ်းများထွက်ရှိပါတယ်''ဟု ဦးစွာရှင်းပြသည်။

တစ်ဖက်ယပ်ဆည်

ကျွန်းလှမြို့နယ်မှာ သဖန်းဆိပ်ဆည်နှင့်နီးသော်လည်း လက်ရှိအနေအထားအရ ကျွန်းလှမြို့နယ်၏ လယ်ယာမြေများမှာ ဆည်၏ အမြင့်ဘက်မှာရှိနေသည့်အတွက် ဆည်ရေရောက်နိုင်ခြင်းမရှိသဖြင့် မိုးကောင်းသောက်ဒေသအဖြစ်နှင့် ပဲစိုက်ပျိုးကြသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၂လက်မအထက်ရှိသဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ် ဦးဆောင်မှုဖြင့် တောင်သူလယ်သမားများ စုပေါင်းအားဖြင့် မိုးရွာသွန်း၍ ချောင်းရေများစီးဝင်သည့်အခါ တစ်ဖက်ယပ်ဆည်များကို ယာယီပြုလုပ်ကြပြီး မြောင်းများသွယ်တန်းကာ စိုက်ပျိုးရေ ရရှိရေးကို ဆောင်ရွက်စိုက်ပျိုးကြသည်ကို တွေ့ရသည်။

''ကျွန်းလှမြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းခွဲသုံးကျောင်း၊ တွဲဖက် အထက်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၂ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၈၃ကျောင်း၊ မူလတန်းကျောင်းခွဲတစ်ကျောင်းနှင့် တွဲဖက်မူလတန်းကျောင်းနှစ်ကျောင်းရှိကြောင်း။

ရှင်းလင်းပြောကြား

ကျန်းမာရေးကဏ္ဍ၌လည်း (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၁၆ခု၊ မြို့နယ်မိခင်နှင့် ကလေး ကျန်းမာရေးဌာန တစ်ခုတို့နဲ့ ဒေသနေပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး ဒေသနေပြည်သူများ အသိအမြင်ကျယ်ပြန့်ရေး၊ စာပေဗဟုသုတ ကြွယ်ဝရေးတို့အတွက် မြဝတီထပ်ဆင့် အသံလွှင့်ရုံတစ်ရုံနှင့် ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ၁၁၁တိုက် ဖွင့်လှစ်ထားရှိနိုင်ခဲ့ပါကြောင်း'' မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်က စာရေးသူအား ရှင်းလင်းပြောကြားသည်။

ထို့နောက်ကျွန်းလှမြို့နယ်၏ ကျေးလက်ဒေသများ၌ စိုက်ပျိုးထားကြသည့် မိုးစပါး၊ မိုးမြေပဲနှင့် မိုး C.P အစေ့ထုတ်ပြောင်း စိုက်ခင်းများရှိရာသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဦးအေးနိုင်က မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

သီးနှံအထွက်ကောင်း

မကျည်းအင်းကျေးရွာသို့ မွန်းတည့် ၁၂နာရီတွင်ရောက်ရှိရာ ကျေးရွာအုပ်စုဥက္ကဋ္ဌလည်းဖြစ်၊ တောင်သူလယ်သမားကြီးလည်းဖြစ်သည့် ဦးကျော်စိန်နှင့်တွေ့ဆုံ၍ ရွာအခြေအနေနှင့်စိုက်ရေးပျိုးရေး ကိစ္စရပ်များကိုမေးမြန်းရာ ''မိမိတို့ဒေသမှာ သီးနှံအထွက်ကောင်းကြသဖြင့် တောင်သူအများစုမှာ ကျေးရွာ၌နေရသော်လည်း အိမ်ကြီးအိမ်ကောင်းများ၊ တိုက်ခံအိမ်များဖြင့် နေထိုင်ကြသည်ကို ယခုတွေ့ရမှာဖြစ်ပါကြောင်း၊ မကျည်းအင်းကျေးရွာအုပ်စုမှာ စပါးကြိတ်ခွဲ ဟာလာစက်ငါးလုံး၊ စပါးခြွေလှေ့စက်တစ်လုံး၊ ပြောင်းစေ့ခြွေလှေ့စက်နှစ်လုံး၊ လက်တွန်းထွန်စက်ရှစ်လုံးနှင့် ရေတင်သည့်ရေစုပ်စက် ၁၆လုံးတို့ကို ပိုင်ဆိုင်အသုံးပြုလျက်ရှိကြောင်း'' မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့နောက် စာရေးသူတို့အဖွဲ့အား ဥက္ကဋ္ဌဦးကျော်စိန်က ရွာအပြင် စိုက်ခင်းများရှိရာသို့ခေါ်ဆောင်ပြသရာ ကြီးမားကျယ်ပြန့်ပြီး တစ်အုပ်တစ်မ၊ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ၊ မိုးမြေပဲစိုက်ခင်းများ၊ စိမ်းစိုလန်းဆန်းနေသော မိုးစိုက်အစေ့ထုတ်ပြောင်းခင်းများကို မြေပြင်၌ အစိမ်းရောင်မြသားကမ္ဗလာကော်ဇောကြီး ဖြန့်ခင်းထားသည့်နှယ် ကြည်နူးအားရဖွယ်ရာ မြင်တွေ့ရသည်။

ဦးကျော်စိန်က ''ကျွန်းလှမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေအတော်များများက နုန်းမြေနုဖြစ်၍ မြေဆီ မြေဩဇာအလွန်ကောင်းကြောင်း၊ မိုးရွာသွန်းမှုပုံမှန်ပါက သီးနှံများ အထူးအောင်မြင်ဖြစ်ထွန်းကြကြောင်း၊ ယခုမြင်တွေ့ရသော အစေ့ထုတ်ပြောင်းခင်းများနှင့် မိုးမြေပဲခင်းများမှာ ကဆုန်၊ နယုန်လက အစေ့ချစိုက်ပျိုးခဲ့ကြတာဖြစ်ကြောင်း၊ ဓာတ်မြေဩဇာမသုံးဘဲ သဘာဝမြေဩဇာသာ အသုံးပြုကြကြောင်း၊ ယခုမြင်ရသော အစေ့ထုတ်ပြောင်းခင်းများမှာ အဖူးများစတင်ဖူးနေပြီဖြစ်လို့ တော်သလင်းလကုန်ဆိုလျှင် ရိတ်သိမ်းကြရတော့မှာဖြစ်ကြောင်း၊ အလားတူ မိုးမြေပဲခင်းများမှာလည်း 'ဥ'များဆင်းနေပြီဖြစ်လို့ တော်သလင်းလကုန်၊ သီတင်းကျွတ်လဆန်းလောက်မှာ နုတ်သိမ်းကြရတော့မှာဖြစ်ကြောင်းနှင့် အစေ့ထုတ်ပြောင်းများ ရိတ်သိမ်းပြီးပါက ပြောင်းစေ့တစ်တင်းကို အနိမ့်ဆုံး ကျပ် ၄၀၀၀ မှ အမြင့်ဆုံးကျပ် ၁၄၀၀၀အထိ ရာသီလိုက်၍ အရောင်းအဝယ်ဖြစ်ကြောင်း'' ရှင်းပြသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်မြင်နေသော ကျွန်းလှမြို့နယ်အလှကား စာဖွဲ့၍ မကုန်နိုင်။ စိုက်ပျိုးထားသောစပါးစိုက်ခင်းနှင့်ပြောင်းစိုက်ခင်းများက ဝေဖြာနေသကဲ့သို့ ရွှေမည်းဟုခေါ်ဆိုရမည့် ရေနံထွက်ရှိမှုကလည်း ကျွန်းလှမြို့နယ်တစ်ခုလုံးကို ပိုမိုလှပ ဝေဆာပေတော့မည်။ ။ **(မြန်မာ့အလင်း)**

ကျွန်းလှမြို့နယ် မကျည်းအင်းကျေးရွာမှ တောင်သူလယ်သမားကြီး ဦးကျော်စိန်က ၎င်း၏ မိုးမြေပဲစိုက်ခင်းတွင် ရှင်းလင်းပြသစဉ်။ (မြန်မာ့အလင်း)

ကျွန်းလှမြို့နယ် မကျည်းအင်းကျေးရွာ တောင်သူလယ်သမားကြီးဦးကျော်စိန်၏ အစေ့ထုတ်ပြောင်းခင်းမှ အဖူးများထွက်နေသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်မြင်နေသော ကျွန်းလှမြို့နယ်၌ စိုက်ပျိုးထားသော စပါးစိုက်ခင်းနှင့် ပြောင်းစိုက်ခင်းများက ဝေဖြာနေသကဲ့သို့ ရွှေမည်းဟု ခေါ်ဆိုရမည့် ရေနံထွက်ရှိမှုကလည်း မြို့နယ်တစ်ခုလုံးကို ပိုမိုလှပဝေဆာ။

မုတ်သုံလေ အားနည်းနေမည်

ရန်ကုန် စက်တင်ဘာ ၂၂

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

__စက်တင်ဘာ ၂၃ရက်ညနေအထိ ခန့်မှန်းချက်မှာ__ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်__ ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေသည်။

__နေပြည်တော်၊ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစိုးဝင်းထွန်း၊ မြို့တွင်း လမ်းဘေး ဝဲ/ယာ ပလက်ဖောင်းခြေရှိ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့်ပန်းအလှပင်များပုံသွင်းခြင်း ဆောင်ရွက်နေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာမိုးရေချိန် ၂၂-၉-၂၀၀၉

နေပြည်တော်	၀ ဒသမ ၂၈ လက်မ	ကော့ကရိတ်	၁ ဒသမ ၈၉ လက်မ
ဝန်းသို	၄ ဒသမ ၆၁ လက်မ	ပူတာအို	၁ ဒသမ ၇၇ လက်မ
ကောလင်း	၃ ဒသမ ၀၀ လက်မ	ပြင်ဦးလွင်	၁ ဒသမ ၆၁ လက်မ
ဖြူး	၂ ဒသမ ၀၁ လက်မ	သံတောင်ကြီး	၁ ဒသမ ၄၆ လက်မ

အနာဂတ်နိုင်ငံတော်ရဲ့ သားကောင်းရတနာများအဖြစ် အသွင်သစ်၊ အမြင်သစ်နဲ့ ရှေ့တန်းကျကျပါဝင်

နိုင်ငံတော်အစိုးရနဲ့ ပြည်သူဆိုတာ မိဘနဲ့ သားသမီးလိုပါပဲလို့ ကျွန်တော် အကြိမ်ကြိမ်ရေးခဲ့၊ ပြောခဲ့ဖူးပါတယ်။ ယခုလည်း မိဘနဲ့ သားသမီး ဥပမာကိုပဲ ပြန်ပြီးသုံးပါရစေ။ မှန်ပါတယ်၊ နိုင်ငံတော်အစိုးရနဲ့ ပြည်သူဆိုတာ တကယ့်ကို မိဘနဲ့ သားသမီးလိုပါပဲ။ မိဘမှန်ရင် သားသမီးကိုမချစ်တဲ့၊ မမြတ်နိုးတဲ့ မိဘမရှိသလို သားသမီးမှန်ရင်လည်း မိဘအပေါ် အနည်းနဲ့အများတော့ ဆိုးတတ်၊ နွဲ့တတ်ကြတာ သဘာဝပါပဲ။

ပြစ်မှုအလိုက် ထိုက်သင့်တဲ့အပြစ်ပေး အရေးယူ ဆုံးမမှုတွေကို မလွှဲမရှောင်သာ လုပ်ရတာပါပဲ။ ဒါဟာ သူတို့ကို မုန်းလို့၊ မချစ်လို့ အာဃာတထားပြီး လုပ်တာမျိုးမဟုတ်ဘဲ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုး၊ သူတို့တစ်ဦးချင်းစီရဲ့ အနာဂတ်အကျိုးအတွက် ရည်မျှော်ပြီး ကောင်းစေချင်တဲ့ စေတနာနဲ့ အရေးယူဆောင်ရွက်ရခြင်းမျိုးသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့တွေကို ခွင့်လွှတ်ပေးဖို့ အမြဲအသင့်ရှိနေပြီး သူတို့အနေနဲ့ ကိုယ့်အမှားကိုယ် နားလည်လောက်ပြီ၊

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား လုံးဝ မရှိပါဘူးဆိုတာ နိုင်ငံတော်အပိုင်းက အထပ်ထပ်အကြိမ်ကြိမ် တရားဝင် ပြောခဲ့ပြီးပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ ဥပဒေနဲ့အညီ နိုင်ငံရေးလှုပ်ရှားခွင့်၊ ဒီမိုကရေစီ ဖော်ဆောင်ခွင့်များကို ခွင့်ပြုထားပါတယ်။ ဒါကြောင့် လက်ရှိ ထိန်းသိမ်း ခံထားရသူတွေ၊ အကျဉ်းကျခံနေရသူတွေဟာ နိုင်ငံရေးလုပ်လို့၊ ဒီမိုကရေစီ ဖော်ဆောင်မှုလှုပ်ရှားလို့ ဖမ်းဆီးထိန်းသိမ်းခံရတာ၊ အကျဉ်းကျခံရတာ လုံးဝ မဟုတ်ပါဘူး။

မိဘတိုင်းဟာ ကိုယ့်သားသမီးကို ကောင်းစေချင်တယ်၊ လိမ္မာစေချင်တယ်၊ ထူးချွန်ထက်မြက်စေချင်တယ်၊ သူများတကာထက် သာစေချင်တယ်၊ အဲဒီစေတနာ၊ မေတ္တာတွေကိုအခြေခံပြီး ကိုယ့်သားသမီးကို ဆုံးမတယ်၊ သွန်သင်တယ်၊လမ်းပြပေးတယ်၊ မြင့်သည်ထက်မြင့်ရာကို တွန်းတင်မြှောက်စားတယ်။ ဒီလိုအနစ်နာခံဆောင်ရွက်ပေးနေတဲ့ကြားထဲက သားသမီးက မလိမ္မာရင်၊ ဆိုးသွမ်းရင်၊ အနာဂတ်အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း မဟုတ်မဟတ် အလုပ်တွေ လုပ်လာမယ်ဆိုရင်တော့ ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်ပါဘူး။ ဒါကြောင့် နှုတ်နဲ့ပြောဆိုဆုံးမသင့်ရင် နှုတ်နဲ့ပြောဆိုရတယ်၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ဆုံးမသင့်ရင် ရိုက်နှက်ရတယ်၊ ဒီထက်ပိုပြီး ထိရောက်ဟန့်တားတဲ့ တားမြစ်ပိတ်ပင်မှုမျိုးတွေ လုပ်သင့်ရင်လည်း လုပ်ရတယ်။ သို့သော် မည်သို့ပင် ဆုံးမအပြစ်ပေးသည်ဖြစ်စေ မိဘဆိုတာ သားသမီးကို ကောင်းစေချင်တဲ့ စေတနာနဲ့လုပ်တာဖြစ်တဲ့အတွက် ခွင့်လွှတ်နားလည်ပေးဖို့ပဲ အမြဲတွေး၊ အမြဲအသင့်ရှိနေပြီး အခွင့်သာအကြောင်းပေါ်လာပြီဆိုတာနဲ့ ဘာအာဃာတမှ မထားတော့ဘဲ ခွင့်လွှတ်ပေးလိုက်တာပါပဲ။ ခွင့်လွှတ်ပေးရတာကိုက မိဘအတွက် အနှိုင်းမဲ့ သုခ ဖြစ်စေပါတယ်။ ကိုယ့်သားသမီးကို ခွင့်လွှတ်ရတာ မိဘတွေအတွက် ပျော်စရာ၊ ကျေနပ်အားရစရာ တစ်ခုပါပဲ။

နိုင်ငံတော်အနေနဲ့ ကြည့်ရင်လည်း ဒီလိုပါပဲ။ အစိုးရအနေနဲ့ ကိုယ့်ပြည်သူပြည်သားအားလုံးကို ချစ်ခင်မြတ်နိုးစိတ်အပြည့် ထားရှိစောင့်ရှောက် ဆောင်ရွက်ပေးနေတာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါဘူး။ သို့သော် ဥပဒေကို ချိုးဖောက်တဲ့သူ၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ အများပြည်သူကို ထိခိုက်နစ်နာစေတဲ့သူ၊ နိုင်ငံနဲ့ ပြည်သူ့ရဲ့ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးတဲ့သူ စသဖြင့် အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဖောက်ဖျက်ကျူးလွန်ခဲ့သူများကိုတော့ နိုင်ငံတော်အစိုးရအနေနဲ့ ကျူးလွန်တဲ့

နောင်ကျဉ်လောက်ပြီ၊ ဒါကို သင်ခန်းစာယူပြီး နောင်မှာ ကောင်းကောင်းနေထိုင်သွားဖို့ အသင့်ဖြစ်လောက်ပြီလို့ ယူဆယုံကြည်ရတဲ့ အခြေအနေမျိုးမှာ လွှတ်ငြိမ်းချမ်းသာခွင့်တွေ ပေးပြီး လွှတ်ပေးလေ့ရှိခဲ့တာပါ။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း နိုင်ငံတော်အစိုးရက နိုင်ငံသား အကျဉ်းသား အကျဉ်းသူ (၇၁၁၄)ဦးကို သူတို့ကျခံရန် ကျန်ရှိတဲ့ ပြစ်ဒဏ်အစိတ်အပိုင်းကို လွှတ်ငြိမ်းသက်သာခွင့်ပြုပြီး ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒါဟာ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးအတွက်ရော ကာယကံရှင်နဲ့ သူ့မိသားစု ဆွေမျိုးအသိုင်းအဝိုင်းအားလုံးအတွက်ပါ အင်မတန်မှ မင်္ဂလာရှိတဲ့ ကောင်းသတင်းပါပဲ။ ပြောရရင် ဒီလို လွှတ်ငြိမ်းသက်သာခွင့်၊ လွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့တာတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းနဲ့ချိန်ပြီးကြည့်ရင် ကြိမ်ဖန်များစွာ ရှိခဲ့ပါပြီ။ ရွေးဘုရင်များလက်ထက်ကတည်းက ထူးခြားတဲ့၊ မင်္ဂလာရှိတဲ့၊ သာသနာနဲ့ဆိုင်တဲ့ အခြေအနေ အချိန်အခါမျိုးတွေမှာ လွှတ်ငြိမ်းချမ်းသာခွင့်တွေ ပေးလေ့ရှိခဲ့တာ တွေ့ရှိရပါတယ်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှာလည်း လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသားများကို လျှော့ရက်ပေးပြီး လွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့တာကို တွေ့ရပါတယ်။

တစ်ခါ ၁၉၅၆ခုနှစ်မှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ အထိမ်းအမှတ် လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တာရှိသလို ၁၉၆၃ခုနှစ် တပ်မှူးများညီလာခံအပြီးမှာလည်း တော်လှန်ရေးကောင်စီက အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့တာတွေ ရှိခဲ့ပါတယ်။ ဆက်လက်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ပထမအကြိမ် ပါတီညီလာခံအထိမ်းအမှတ်၊ ပထမအကြိမ် ဂိုဏ်ပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်ခြင်း အထိမ်းအမှတ်အပါအဝင် လွှတ်ငြိမ်းချမ်းသာခွင့်တွေ အကြိမ်ကြိမ်ပေးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

၁၉၈၈ နောက်ပိုင်းကာလကို ပြန်ကြည့်ရင်လည်း ၁၉၈၉ ကနေ ယခုအကြိမ်အထိ နိုင်ငံတော်က လွှတ်ငြိမ်း

ကျော်ရဲမင်း

ချမ်းသာခွင့်နဲ့ လွှတ်ငြိမ်းသက်သာခွင့် စုစုပေါင်း (၁၅)ကြိမ် ခွင့်ပြုပေးခဲ့တာ တွေ့နိုင်ပါတယ်။ ယခင် (၁၄)ကြိမ်မှာ စုစုပေါင်းအကျဉ်းသား ကျား(၁၀၁၀၃၅)ဦး၊ မ (၆၈၀၁)ဦး၊ ယခု (၁၅)ကြိမ်မြောက်မှာ (၇၁၁၄)ဦးဖြစ်တဲ့အတွက် စုစုပေါင်း (၁၁၄၉၅၀)ဦး လွှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အခုလို သိန်းနဲ့ချီတဲ့ အကျဉ်းသားတွေကို မိဘသဖွယ်စိတ်ဓာတ်နဲ့ နားလည်ခွင့်လွှတ်ပြီး ကောင်းမွန်တဲ့ လူမှုပတ်ဝန်းကျင်မှာ နိုင်ငံတော်အတွက် တစ်တပ်တစ်အား ပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် နိုင်ငံတော်အပိုင်းက အကျဉ်းသားများနဲ့ပတ်သက်ပြီး ထက်သန်တဲ့ စေတနာမေတ္တာနဲ့ ကြီးမားတဲ့ ယုံကြည်မျှော်လင့်ချက်ထားပြီး ကျယ်ပြန့်လေးနက်တဲ့ သဘောထားအမြင်များကို အကြိမ်ကြိမ်ထင်ဟပ်ပြသခဲ့ခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒီနေ့အခြေအနေကိုကြည့်ရင် နိုင်ငံတော်အစိုးရဟာ ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေတာကို တွေ့နိုင်ပါတယ်။ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အခိုင်အမာချမှတ်ခဲ့ပြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ပြည်သူအားလုံးနဲ့အတူ လက်တွဲကြိုးပမ်းဖော်ဆောင်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်သစ် တည်ဆောက်ရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ရေးရှုပြီး တည်ဆဲဥပဒေများကိုဖောက်ဖျက်ကျူးလွန်ခဲ့သူတွေကို တရားဥပဒေနဲ့အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အနေနဲ့က ပြစ်ဒဏ်ကျအကျဉ်းသားတွေကို နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ တစ်ဖက်တစ်လမ်းကနေပြီး အထောက်အပံ့ပြုနိုင်တဲ့ နိုင်ငံသားများဖြစ်လာစေဖို့ကိုလည်း မျှော်လင့်ပါတယ်။ ဒါကြောင့်လည်း အဲဒီလိုဖြစ်လာအောင် အစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်ပေးနေတာကို တွေ့နိုင်ပါတယ်။

ဒါကြောင့်လည်း လူသားချင်းစာနာထောက်ထားမှုနဲ့ သနားချစ်ခင်မှုကို အလေးထားတဲ့အနေနဲ့၊ သူတို့ရဲ့မိသားစုတွေကို ငဲ့ညှာတဲ့အနေနဲ့၊ ဒါ့အပြင် အကျဉ်းသားများဟာ နိုင်ငံတော်ရဲ့ မေတ္တာနဲ့ စေတနာကိုနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေဖို့ ရည်ရွယ်တဲ့အနေနဲ့ ယခုလို လွှတ်ငြိမ်းသက်သာခွင့်များ ပြုခဲ့ခြင်းဖြစ်ပါတယ်။ အကျဉ်းသားပေမယ့်လည်း သူတို့ဟာ

ထာဝရမမှားနိုင်ဘူး၊ ထာဝရမဆိုးသွမ်းနိ
လိမ္မာတဲ့၊ အကျိုးပြုတဲ့ အခန်းကဏ္ဍသ
မယ်လို့ ယုံကြည်မျှော်လင့်ပေးခဲ့တာ

ဒါဟာ ဘာပဲပြောပြော ကာ
ရော၊ သူတို့ရဲ့မိသားစု ဆွေမျိုးသားချ
နိုင်ငံနဲ့ပြည်သူအတွက်ပါ အကျိုးဖေ
မည့် သတင်းကောင်းသာ ဖြစ်ပါတယ
ပြည်ပန်းညို ချိုချင်ပါလျက် ဆားက
မီဒီယာတွေ၊ AAPP လို မရောင်ရာဆ
ထုံစံအတိုင်း ကဖျက်ယဖျက်စကားေ
မတတ် ပြောဆိုနေကြပါတယ်။ လွ
၇၀၀၀ ကျော်မှာ နိုင်ငံရေးအကျဉ်းသ
ပါတယ်။ ၂၀၀ကျော်လို့ ပြောနေကြပေ
မပြနိုင်သေးဘူး၊ ဘာပဲဖြစ်ဖြစ် မဆိုစ
ဖြစ်လို့ နည်းလွန်းပါတယ်။ ဒါဟာ
ဘူး။ လာမယ့် ၂၀၁၀ ခုနှစ် ရွေးကေ
လက်ခံယုံကြည်နိုင်ဖို့ဆိုရင် နိုင်ငံေ
အားလုံးကို လွှတ်ပေးဖို့လိုပါလိမ့်မ
အပေါက်ရှာပြီး ပြောချင်ရာ ပြောနေ
နတ်မလိုက်နိုင်ဆိုတာ ဒါမျိုးကို ပြော
အပိုင်းက စေတနာထားပြီး သင့်ေ
စနစ်တကျဆောင်ရွက်ပေးနေတဲ့အပေါ
တွေဟာ စေတနာစကားလား၊ ဝေ
ခွဲခြားရှုမြင်ကြဖို့ လိုပါလိမ့်မယ်။

ဒါ့အပြင် သူတို့ သူတို့တွေက
ဆိုတာကိုပဲ ရှေ့တန်းတင်ပြီး ကျန်တဲ့အ
အသိအမှတ်တောင်မပြုချင်တဲ့ သဘေ
အမှန်တော့ နိုင်ငံရေးအကျဉ်းသားဖြစ်
ဖြစ်စေ အားလုံးဟာ လူသားများသာ
အားလုံးရဲ့ လွှတ်ငြိမ်းသက်သာမှုအတွ
ထားသင့်ပါတယ်။ အခုလို နိုင်ငံ
အလေးထားပြီး ကျန်တဲ့ အကျဉ်းသား
ပြုတာကတော့ လူ့အခွင့်အရေးချိုးဖေ
စာနာထောက်ထားမှုကင်းမဲ့ရာ ရောက

**တစ်ဆက်တည်းပြောရရင် မြန်
အကျဉ်းသား လုံးဝမရှိပါဘူးဆိုတာ
အထပ်ထပ် အကြိမ်ကြိမ် တရားဝင်ပြော
တို့နိုင်ငံမှာ ဥပဒေနဲ့အညီ နိုင်ငံရေးလှု
ဖော်ဆောင်ခွင့်များကို ခွင့်ပြုထားပါတယ
ထိန်းသိမ်းခံထားရသူတွေ၊ အကျဉ်း
နိုင်ငံရေးလုပ်လို့၊ ဒီမိုကရေစီဖော်
ဖမ်းဆီးထိန်းသိမ်းခံရတာ၊ အကျဉ်းကျ
ပါဘူး။ တချို့က နိုင်ငံတည်ငြိမ်အေး
အောင် ဖျက်ဆီးလို့၊ တချို့က တည်ဆ
ကျူးလွန်ချိုးဖောက်လို့ ထိန်းသိမ်းခံ၊
ရခြင်းများသာ ဖြစ်ပါတယ်။ ဒါကြေ
နိုင်ငံရေးအကျဉ်းသားမဟုတ်ဘူးလို့**

**ဒါကလည်း ဘယ်နိုင်ငံမဆို
တည်ငြိမ်အေးချမ်းမှုကို အလေးထား
ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတ**

မိဘဆိုတာ သားသမီးအားလုံးရဲ့အကျိုးစီးပွားက
အားလုံးရဲ့ အနာဂတ်အပေါ်မှာလည်း ယုံကြည်မျှော်
ထိန်းကျောင်းပဲ့ပြင် တည့်မတ်လမ်းညွှန် ဆောင်ရွက်
အစိုးရအပိုင်းကလည်း အလားတူပါပဲ။ ကိုယ့်နိုင်ငံ
ဖွံ့ဖြိုးတိုးတက်ဖို့၊ ကြီးပွားချမ်းသာဖို့ ယုံကြည်မျှော်လ
ပြည်သူအားလုံး လက်တွဲပါဝင်လာအောင် ဦးေ
နိုင်ငံတော်သစ်ကို အရောက်လှမ်း ပဲ့ကိုင်ချီတက်သွ

ထာဝရမမှားနိုင်ဘူး၊ ထာဝရမဆိုးသွမ်းနိုင်ဘူး၊ ကောင်းမွန်တဲ့၊ လိမ္မာတဲ့၊ အကျိုးပြုတဲ့ အခန်းကဏ္ဍသစ်တွေ ဖွင့်လှစ်နိုင်ဦးမယ်လို့ ယုံကြည်မျှော်လင့်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါဟာ ဘာပဲပြောပြော ကာယကံရှင်တွေအတွက်ရော၊ သူတို့ရဲ့မိသားစု ဆွေမျိုးသားချင်းများ အတွက်ရော၊ နိုင်ငံနဲ့ပြည်သူအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်မည့် သတင်းကောင်းသာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်ဆိုသလို ပြည်ပမီဒီယာတွေ၊ AAPP လို မရောင်ရာဆီလူး အဖွဲ့တွေကတော့ ထုံစံအတိုင်း ကဖျက်ယဖျက်စကားတွေကိုပဲ အမြှုပ်ထွက်မတတ် ပြောဆိုနေကြပါတယ်။ လွှတ်ခဲ့တဲ့ အကျဉ်းသား ၇၀၀၀ ကျော်မှာ နိုင်ငံရေးအကျဉ်းသားက ၁၀၀ ကျော်ပဲပါတယ်။ ၂၀၀ကျော်လို့ ပြောနေကြပေမယ့် ဒါဟာ အတည်မပြုနိုင်သေးဘူး၊ ဘာပဲဖြစ်ဖြစ် မဆိုစလောက် အရေအတွက်ဖြစ်လို့ နည်းလွန်းပါတယ်။ ဒါဟာ မလုံလောက်သေးပါဘူး။ လာမယ့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို အများကလက်ခံယုံကြည်နိုင်ဖို့ဆိုရင် နိုင်ငံရေး အကျဉ်းသားတွေအားလုံးကို လွှတ်ပေးဖို့လိုပါလိမ့်မယ် စသဖြင့် ဆီလိုအပေါက်ရှာပြီး ပြောချင်ရာ ပြောနေကြပါတယ်။ လူ့အလိုနတ်မလိုက်နိုင်ဆိုတာ ဒါမျိုးကို ပြောတာပါပဲ။ နိုင်ငံတော်အပိုင်းက စေတနာထားပြီး သင့်လျော်လျောက်ပတ်စွာ စနစ်တကျဆောင်ရွက်ပေးနေတဲ့အပေါ်မှာ အခုလို သွေးထိုးမှုတွေဟာ စေတနာစကားလား၊ ဝေဒနာစကားလားဆိုတာ ခွဲခြားရှုမြင်ကြဖို့ လိုပါလိမ့်မယ်။

ဒါ့အပြင် သူတို့ သူတို့တွေက နိုင်ငံရေးအကျဉ်းသားဆိုတာကိုပဲ ရှေ့တန်းတင်ပြီး ကျန်တဲ့အကျဉ်းသားတွေအပေါ် အသိအမှတ်တောင်မပြုချင်တဲ့ သဘောမျိုး ဖြစ်နေပါပြီ။ အမှန်တော့ နိုင်ငံရေးအကျဉ်းသားဖြစ်စေ၊ ရိုးရိုးအကျဉ်းသားဖြစ်စေ အားလုံးဟာ လူသားများသာဖြစ်ပြီး အဲဒီလူသားအားလုံးရဲ့ လွတ်ငြိမ်းသက်သာမှုအတွက်ကို တန်းတူအလေးထားသင့်ပါတယ်။ အခုလို နိုင်ငံရေးအကျဉ်းသားကိုပဲ အလေးထားပြီး ကျန်တဲ့ အကျဉ်းသားတွေအပေါ် ဥပေက္ခာပြုတာကတော့ လူ့အခွင့်အရေးချိုးဖောက်ရာ၊ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ရာ ရောက်စေပါတယ်။

တစ်ဆက်တည်းပြောရရင် မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား လုံးဝမရှိပါဘူးဆိုတာ နိုင်ငံတော်အပိုင်းက အထပ်ထပ် အကြိမ်ကြိမ် တရားဝင်ပြောခဲ့ပြီးပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ ဥပဒေနဲ့အညီ နိုင်ငံရေးလှုပ်ရှားခွင့်၊ ဒီမိုကရေစီဖော်ဆောင်ခွင့်များကို ခွင့်ပြုထားပါတယ်။ ဒါကြောင့် လက်ရှိထိန်းသိမ်းခံထားရသူတွေ၊ အကျဉ်းကျခံနေရသူတွေဟာ နိုင်ငံရေးလုပ်လို့၊ ဒီမိုကရေစီဖော်ဆောင်မှု လှုပ်ရှားလို့ ဖမ်းဆီးထိန်းသိမ်းခံရတာ၊ အကျဉ်းကျခံရတာ လုံးဝမဟုတ်ပါဘူး။ တချို့က နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ဖျက်ဆီးလို့၊ တချို့က တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ချိုးဖောက်လို့ ထိန်းသိမ်းခံ၊ အကျဉ်းကျခံနေကြရခြင်းများသာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေဟာ နိုင်ငံရေးအကျဉ်းသားမဟုတ်ဘူးလို့ ဆိုရခြင်းဖြစ်ပါတယ်။

ဒါကလည်း ဘယ်နိုင်ငံမဆို ကိုယ့်နိုင်ငံနဲ့ပြည်သူ့ရဲ့ တည်ငြိမ်အေးချမ်းမှုကို အလေးထား ထိန်းသိမ်းကြရစမြဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားပြီး လူတွေ လမ်းပေါ်ထွက်လာအောင်၊ ဆူပူအကြမ်းဖက်မှုတွေဖြစ်လာအောင် ဖန်တီးလုပ်ဆောင်မှုများကို ဘယ်နိုင်ငံ၊ ဘယ်အစိုးရကမှ လက်ခံမှာမဟုတ်ပါဘူး။ မိမိနိုင်ငံရဲ့ ဥပဒေတွေနဲ့အညီ တားဆီးထိန်းသိမ်း အရေးယူကြရမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီသဘောအတိုင်းသာ ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်အစိုးရဆိုတာ ပြည်သူများရဲ့ မိဘသာဖြစ်တဲ့အတွက် အကျဉ်းကျခံနေရသူများကိုလည်း သူတို့ရဲ့ သဘောပေါက်နားလည်မှုနဲ့ အခြေအနေအချိန်အခါပေါ် မူတည်ပြီး အကျဉ်းကျခံရက် မကုန်ဆုံးမီ လွတ်ငြိမ်းသက်သာခွင့်တွေပေးပြီး ပြန်လွှတ်ပေးနေခြင်းဖြစ်ပါတယ်။ အဲဒီလို ပြန်လွှတ်ပေးတဲ့သူတွေထဲမှာ ဆန့်ကျင်ဘက်အုပ်စုတွေက နိုင်ငံရေးအကျဉ်းသားလို့ လိုရာဆွဲပြီး သတ်မှတ်ထားတဲ့သူတွေလည်း အထိုက်အလျောက် ပါဝင်နေမှာပါပဲ။ သို့သော် နိုင်ငံတော်အပိုင်းကတော့ နိုင်ငံရေးအကျဉ်းသားများကို စေလွှတ်ပေးခြင်းမဟုတ်ဘဲ နိုင်ငံသား အကျဉ်းသားများကိုသာ လွတ်ငြိမ်းသက်သာခွင့်ပြုပေးခြင်း ဖြစ်တယ်ဆိုတာကို ခွဲခြားသိမြင်ကြစေလိုပါတယ်။

နိုင်ငံတော်အပိုင်းက အကျဉ်းသားများကို အများပြည်သူနဲ့အတူ နိုင်ငံတော်အကျိုး ထမ်းရွက်သွားနိုင်စေဖို့ ရည်ရွယ်မျှော်လင့်ခဲ့ပေမယ့်လည်း အချို့သူများဟာ အကျဉ်းကျခံရာက လွတ်မြောက်ပြီး အပြင်ရောက်လာတဲ့အခါမှာ အလားတူပြစ်မှုများကိုပဲ ထပ်ခါထပ်ခါ ကျူးလွန်တတ်ကြတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ရှိသူများနဲ့ ပတ်သက်ပြီး သတိပြုစဉ်းစားဆောင်ရွက်နေရတဲ့အပိုင်းတွေလည်း ရှိပါလိမ့်မယ်။ သို့သော် နိုင်ငံတော်ရဲ့ ယုံကြည်မျှော်လင့်မှုနဲ့ ရပ်တည်ဆောင်ရွက်မှုမှာ အပြစ်ဆိုစရာမရှိအောင် မွန်မြတ်သန့်စင်မှန်ကန်နေတာကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် မိဘဆိုတာ သားသမီးအားလုံးရဲ့ အကျိုးစီးပွားကို လိုလားမြဲသာ ဖြစ်ပါတယ်။ သားသမီးအားလုံးရဲ့ အနာဂတ်အပေါ်မှာလည်း ယုံကြည်မျှော်လင့်ချက် ကြီးမားစွာထားရှိပြီး အစစအရာရာ ထိန်းကျောင်း ပဲ့ပြင်တည့်မတ် လမ်းညွှန်ဆောင်ရွက်ပေးသွားမှာသာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအပိုင်းကလည်း အလားတူပါပဲ။ ကိုယ့်နိုင်ငံနဲ့ ပြည်သူ့ရဲ့ အနာဂတ်အေးချမ်းသာယာဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ ကြီးပွားချမ်းသာဖို့ ယုံကြည်မျှော်လင့်ချက် ကြီးမားစွာထားရှိပြီး တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပါဝင်လာအောင် ဦးဆောင်လမ်းပြရင်း အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို အရောက်လှမ်း ပဲ့ကိုင်ချီတက်သွားမှာသာ ဖြစ်ပါတယ်။ အဲဒီလိုချီတက်တဲ့ ခရီးလမ်းမှာ ယနေ့ လွတ်ငြိမ်းသက်သာခွင့်နဲ့ ပြန်လည်လွတ်မြောက်လာတဲ့ အကျဉ်းသားများအနေနဲ့ ပြည်သူအားလုံးနဲ့အတူ လက်တွဲပါဝင်ပြီး ကျရာအခန်းကဏ္ဍကနေ စွမ်းစွမ်းတမံ တာဝန်ကျေပွန်ထမ်းရွက်သွားကြဖို့ လိုအပ်လှပါတယ်။ ဒါ့အပြင် အမှားကို အမှားမှန်းသိ၊ အပြစ်ကို အပြစ်မှန်းသိပြီး နှစ်ခါမမိုက်၊ နှစ်ခါမမှားကြဘဲ အနာဂတ်နိုင်ငံတော်ရဲ့ သားကောင်းရတနာများအဖြစ် အသွင်သစ်၊ အမြင်သစ်နဲ့ ရှေ့တန်းကျကျပါဝင်နိုင်ဖို့ မျှော်လင့်မိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

...းအားလုံးရဲ့အကျိုးစီးပွားကို လိုလားမြဲသာ ဖြစ်ပါတယ်။ သားသမီး
...ါမှာလည်း ယုံကြည်မျှော်လင့်ချက်ကြီးမားစွာထားရှိပြီး အစစအရာရာ
...မတ်လမ်းညွှန် ဆောင်ရွက်ပေးသွားမှာသာ ဖြစ်ပါတယ်။ နိုင်ငံတော်
...လားတူပါပဲ။ ကိုယ့်နိုင်ငံနဲ့ပြည်သူ့ရဲ့ အနာဂတ်အေးချမ်းသာယာဖို့၊
...ချမ်းသာဖို့ ယုံကြည်မျှော်လင့်ချက် ကြီးမားစွာထားရှိပြီး တိုင်းရင်းသား
...တွဲပါဝင်လာအောင် ဦးဆောင်လမ်းပြရင်း အနာဂတ်ဒီမိုကရေစီ
...က်လှမ်း ပဲ့ကိုင်ချီတက်သွားမှာသာ ဖြစ်ပါတယ်။

သစ်ပင်စိုက်ပျိုးပွဲ ဒေါ့ဖုန်းယန်၌ ကျင်းပ

ဒေါ့ဖုန်းယန် စက်တင်ဘာ ၂၂

ဒေါ့ဖုန်းယန်မြို့နယ်(၁၆)ခုတင်ဆံ့ ဆေးရုံကြီးဝင်းအတွင်းတွင် စက်တင်ဘာ ၁၅ရက်က သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက ပန်းအလှပင် ၅၀ နှင့် ယူကလစ်ပင် ၁၅၀ တို့ကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၉ခုနှစ် စက်တင်ဘာ ၂၃ရက်တွင်ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာအု(ဒ်) အယ်လ်ဖိုင်ဆယ် ဘင်အဗ္ဗဒူ(လ်)လာ အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများအသုံးပြုနိုင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၁၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများမှတစ်ဆင့် ဖြစ်ထွန်းတိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာအသုံးပြုနိုင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ ထိုအခြေအနေကောင်းများမှ e-Banking System ကို ဟန်ချက်ညီညီ တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း အကျယ်တဝင့် မှာကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ပိုင် ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင် ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၉-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညိုမင်း၊ (တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချို အေးမင်္ဂလာတေး
- ၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ **သတိတစ်ချက်တစ်သက်အမှား**
- ၈:၃၀ ၈။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး)**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၅ ၃။ အကပြိုင်ပွဲ
- ၄:၂၅ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ **အသိစိတ်ကလေးအရင်းတည်၍**
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ သီချင်းကြီးပဒေသာ
- ၅:၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၃၀ ၁၀။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)**
- ၅:၄၀ ၁၁။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၁၅ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (တတိယတွဲ) (အပိုင်း-၇)
- ၂၁။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ “ရုပ်စုံသဘင်”(မဟာဗုဒ္ဓဝင်တောထွက်ခန်း) (ပထမဆု) (မန္တလေးတိုင်း)**

ကုန်သွယ်လုပ်ငန်းခွန် ပညာပေးဟောပြော

မင်းတပ် စက်တင်ဘာ ၂၂

ကုန်သွယ်လုပ်ငန်းခွန်အကြောင်း သိကောင်းစရာများ ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀နာရီက မင်းတပ်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ပြည်တွင်းအခွန်ဦးစီးဌာန မြို့နယ်အခွန်ဦးစီးမှူး ဦးချစ်စိုးက (၁) ဝင်ငွေခွန်၊ (၂) ကုန်သွယ်လုပ်ငန်းခွန်၊ (၃) အမြတ်ခွန်၊ (၄) တံဆိပ်ခေါင်းခွန်နှင့် (၅) အောင်ဘာလေ သိန်းဆုခွန်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

* ရှေ့ဖုံးမှ

ပြုပြင်ထိန်းသိမ်းစရိတ် များလာပါမည်။ သယ်ယူပို့ဆောင်ရေးစရိတ်၏ အများဆုံးအစိတ်အပိုင်းမှာယာဉ်အသုံးပြုမှုစရိတ်ဖြစ်သည်။ ယာဉ်အသုံးပြုမှုစရိတ်ကို လျှော့ချနိုင်ပါက သယ်ယူပို့ဆောင်ရေးစရိတ်လျှော့နည်းပြီး ကုန်ဈေးနှုန်းနှင့် ခရီးသွားလာမှုစရိတ်လည်း လျှော့ကျသွားပါမည်ဖြစ်သည်။ ယာဉ်အသုံးပြုမှုစရိတ်သည် လမ်းချောမွေ့ကောင်းမွန်ခြင်းနှင့် အချိန်တိုအတွင်း လိုရာခရီးသို့ ရောက်နိုင်မှုပေါ် မူတည်၍ လျှော့ကျမည်ဖြစ်သည်။

လမ်းချောမွေ့ကောင်းမွန်ခြင်းနှင့် အချိန်တိုအတွင်း လိုရာခရီးသို့ရောက်ရန်မှာ အောက်ပါအချက်များပေါ် မူတည်ပါသည်။

- လမ်းအနေအထားပုံစံနှင့်လမ်းလွှာများကို လမ်းဒီဇိုင်း၊ စံချိန်စံညွှန်းအတိုင်း တည်ဆောက်ခြင်း။
- ဖြတ်သန်းသွားလာမည့်ယာဉ်များကို ယာဉ်ထုတ်လုပ်သည့်အဖွဲ့အစည်းသတ်မှတ်ချက်နှင့်အညီ အသုံးပြုခြင်း၊ လမ်းဒီဇိုင်း ပုံစံထုတ်သည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်ကိုက်ညီစေခြင်း တို့ဖြစ်သည်။

နိုင်ငံတိုင်း၌ လမ်းအင်ဂျင်နီယာများသည် လမ်းပျက်ယွင်းမှုနည်းစေရန် လမ်းများကို ဒီဇိုင်းစံချိန်စံညွှန်းအတိုင်း တည်ဆောက်စေလျက် လမ်းပေါ်သွားလာသည့်ယာဉ်များ၏ ဖိအားသက်ရောက်မှုလျှော့နည်းစေရန် (လမ်းခံနိုင်ရည်ဘောင်အတွင်းရှိစေရန်) သက်ဆိုင်ရာအဖွဲ့အစည်း (ဥပမာ-ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် အာဏာပိုင်များစသည်)တို့နှင့် ညှိနှိုင်းပြီး ဥပဒေစည်းကမ်းများထုတ်လျက် ယာဉ်များကို ထိန်းသိမ်းနေကြပါသည်။ ဥပမာအားဖြင့် လေယာဉ်ပြေးလမ်းပေါ်သို့ ကျရောက်မည့် လေယာဉ်ဖိအား ပျံ့နှံ့လျှော့နည်းစေရန် ယခင် (Gear Assembly) တစ်ခုလျှင် ဘီးတစ်ဘီးမှ နှစ်ဘီး၊ နှစ်ဘီးမှလေးဘီး၊ လေးဘီးမှ ရှစ်ဘီး စသည်ဖြင့် ဘီးအရေအတွက်တိုး၍ ဒီဇိုင်းပြုလုပ်ခဲ့ကြပါသည်။ ထို့အတူ လမ်းပေါ်ကျရောက်မည့် ယာဉ်၏ဖိအားကို ပျံ့နှံ့လျှော့နည်းသွားစေရန် ယာဉ်၏ဝင်ရိုး (Axle) နှစ်ခုမှသုံးခု၊ သုံးခုမှလေးခု၊ လေးခုမှငါးခု၊ ခြောက်ခုစသည်ဖြင့် ဒီဇိုင်းပြုလုပ်ပြီး ယာဉ်များကို ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိနေကြပြီဖြစ်သည်။

ကုန်စည်စီးဆင်းမှုတိုးတက်ရန်အတွက် ယာဉ်စီးရေနည်းနည်းနှင့် ကုန်များများပို့နိုင်ရန် လိုအပ်သော်လည်း တစ်ဖက်မှလည်း လမ်းပျက်ယွင်းစေမှာဖြစ်သဖြင့် ဖိအားလျှော့နည်းစေရန် ဒီဇိုင်းထုတ်ကြရသည်ဟု သိရသည်။

ယာဉ်များကို ပုံစံထုတ်ရာ၌ လမ်းပေါ်သက်ရောက်မှု ဖိအားလျှော့နည်းစေရန်သာမက ယာဉ်များပေါ် သတ်မှတ်ဝင်တင်ခြင်းဖြင့် ယာဉ်ပျက်ယွင်းခြင်း(ကိုယ်ထည်နှင့် အောက်ပိုင်း)နှင့် ယာဉ်တိမ်းမှောက်ခြင်းမဖြစ်ရန်လည်း စဉ်းစားပုံစံထုတ်ခဲ့ကြရပါသည်။ ယင်းကြောင့် ယာဉ်တစ်စီးပေါ်တွင် သတ်မှတ်ချက်ထက် ဝန်ပိုတင်ပါက

- လမ်းပျက်ယွင်းမည်။
- ယာဉ်ကိုယ်ထည်နှင့် အောက်ပိုင်းများ ပျက်ယွင်းလာမည်။
- ယာဉ်ထိန်းသိမ်းမှု ခက်ခဲလာသဖြင့် တိမ်းမှောက်မှုဖြစ်ပါမည်။

ကုန်တင်ယာဉ်များနှင့်ယာဉ်ပိုင်ရှင်များ

ယခုအချိန်၌ ယာဉ်ပိုင်ရှင်များသည် မိမိတို့၏ကိုယ်ကျိုးစီးပွားကို ဦးစားပေးလျက် ယာဉ်များတွင်လေးပိုးခြင်း၊ Frame ပြုပြင်ခြင်း၊ ယာဉ်ဘော်ဒီချဲ့ခြင်း၊ ဘေးကာများပြုပြင်ခြင်း၊ တာယာများပြောင်းလဲအသုံးပြုခြင်းတို့ပြုလုပ်လျက် စုစုပေါင်းအလေးချိန် တန် ၆၀မှ တန် ၁၀၀အထိ သတ်မှတ်ချက်ထက်ပို၍ ဝန်များတင်ကာ သွားလာလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လတ်တလော အမြတ်ရရှိသည်ဟုထင်ရသော်လည်း မတန်တဆဝန်များတင်ခြင်းကြောင့် ဘီးများအလွယ်တကူ ပွတ်စားကုန်ခြင်း၊ အလွယ်တကူ ကွဲထွက်ခြင်း၊ Frame ကျိုးခြင်း၊ ဝင်ရိုးကျိုးခြင်း၊ လေးကျိုးခြင်း၊ သတ်မှတ်အချိန်ထက်ပို၍ ကြန့်ကြာခြင်း ယာဉ်တိမ်းမှောက်ပျက်စီးခြင်း၊ ကုန်များပျက်စီး၍လျော်ရခြင်း၊ ယာဉ်မောင်းဝန်ထမ်း၊ လမ်းနှင့်ပတ်ဝန်းကျင်ရှိလူများနှင့် ခရီးသည်များ အသက်အန္တရာယ်ရှိခြင်း၊ ယာဉ်နှင့်စက်များ လိုက်လျောညီထွေမှုမရှိသဖြင့် စက်ပျက်စီးလွယ်ခြင်းများ ဖြစ်ပေါ်တတ်ပြီး မော်တော်ကားလမ်းများ ပျက်စီးရခြင်း၏ အကြောင်းရင်းသည် ထိုကဲ့သို့ သတ်မှတ်ချက်ထက် ဝန်များပိုတင်ကာ သွားလာနေကြသော ဝိသမလောဘသားများကြောင့်ဟုဆိုကမှားမည်မထင်ပေ။

ဝန်၏စုစုပေါင်းအလေးချိန်၊ ဝင်ရိုး(Axle)အရေအတွက်နှင့် လမ်းပျက်ယွင်းခြင်းဆက်နွယ်မှုများ

၁၉၆၂ခုနှစ်၌ ပြုလုပ်သော AASHTO Road Test မှ ယာဉ်၏ဝင်ရိုး (Axle) အလေးချိန်နှင့် လမ်းပျက်ယွင်းမှု ပမာဏကို စမ်းသပ်တွေ့ရှိခဲ့သည် ဆို၏။ ယခင်ကာလများ၌ လမ်းဒီဇိုင်းပြုလုပ်ရာ၌ ယာဉ်၏သက်ရောက်မှုကို ပေါင်၅၀၀၀ရှိသော ဘီးရှိသည့် ယာဉ်စီးရေနှင့် လမ်းသက်တမ်းပေါ်မူတည်၍ စဉ်းစားခဲ့ကြသော်လည်း ယခုအချိန်၌ ယာဉ်အမျိုးအစားနှင့် ယာဉ်အရေအတွက်များပြားလာခြင်းကြောင့် လမ်းဒီဇိုင်းပုံစံထုတ်ရာ၌ စံဝင်ရိုးအလေးချိန် (Standard Axle Load) ပေါင် ၁၈၀၀၀အပေါ် မူတည်လျက် ဒီဇိုင်းထုတ်ကြသည်ဟု သိရသည်။ ထိုသို့ဒီဇိုင်းထုတ်ရာ၌ AASHTO Road Test (U.S) မှရသော ပျက်ယွင်းကိန်း Damaging Factor ကို အသုံးပြုလျက် ရှိပါသည်။

ပျက်ယွင်းကိန်းဆိုသည်မှာ ယာဉ်တစ်စီးသည် လမ်းတစ်လမ်းကို စံဝင်ရိုးတစ်ခုမှ ပျက်ယွင်းစေနိုင်သည်ထက် အဆမည်မျှ ပျက်ယွင်းစေနိုင်သည်ကိုပြပါသည်။

$$\text{ပျက်ယွင်းကိန်း} = \left\{ \frac{\text{ယာဉ်၏ဝင်ရိုးတစ်ခုအလေးချိန်}}{\text{စံဝင်ရိုးအလေးချိန် (ပေါင် ၁၈၀၀၀)}} \right\}^{\text{၄ မှ ၄.၅}}$$

ဝင်ရိုးတစ်ခု၏အလေးချိန် Axle Load ဆိုသည်မှာ ဝင်ရိုးတစ်ဖက် တစ်ချက်ရှိဘီးများမှ လမ်းပေါ်သို့ဖိနေသော စုစုပေါင်းအလေးချိန်ဖြစ်ပါသည်။

ပျက်ယွင်းကိန်း၏အဓိပ္ပာယ်ကိုဥပမာပြရလျှင် စုစုပေါင်းအလေးချိန် ၁၃ တန်ရှိသော (T.E-11) ယာဉ်တစ်စီး၏ ရှေ့ဝင်ရိုးအလေးချိန်သည် ၇၇၂၂ပေါင်နှင့် နောက်ဝင်ရိုးအလေးချိန်သည် ၂၀၈၇၈ပေါင်ရှိပါက ပျက်ယွင်းကိန်းဆက်နွယ်မှု(Formula) အရ ရှေ့ဝင်ရိုးပျက်ယွင်းကိန်းသည် ၀ ဒသမ ၀၂၃ဖြစ်ပြီး နောက်ဝင်ရိုး၏ပျက်ယွင်းကိန်းသည် ၁ဒသမ၉၆၄ ဖြစ်သဖြင့် စုစုပေါင်း ပျက်ယွင်းကိန်းသည် ၁ဒသမ၉၈၅ ဖြစ်ပါသည်။

(အနီးဆုံးကိန်းအဖြစ် ၂ဒသမ၀ဟုယူပါက ယင်းယာဉ်တစ်စီးလမ်းပေါ်ဖြတ်သွား၍ ဖြစ်ပေါ်မည့်ပျက်ယွင်းမှုသည် စံဝင်ရိုးလမ်းပေါ် ဖြတ်သွားခြင်းကြောင့် ဖြစ်ပေါ်မည့် ပျက်ယွင်းမှု၏နှစ်ဆနှင့်ညီကြောင်း သတ်မှတ်နိုင်ပါသည်။)

ပခုက္ကူ-ပေါက်-မင်းတပ် ကားလမ်းတစ်နေရာ။ (ဓာတ်ပုံ-ဆောက်လုပ်ရေး)

ကုန်များကို ကားဘော်ဒီကျော်လွန်အောင် အမောက်အလျှံ တင်ဆောင်မောင်းနှင်လျက်ရှိနေကြသော ကားများကိုလည်း တွေ့ရသည်။ (ဓာတ်ပုံ-ဆောက်လုပ်ရေး)

အကယ်၍ စုစုပေါင်းအလေးချိန်တန်၆၀(Nissen Diesel)၊ ဝင်ရိုးပေါင်းသုံးခုရှိသော ယာဉ်တစ်စီး၏ရှေ့ဝင်ရိုးသည် ပေါင်၃၄၃၂၀၊ ဒုတိယဝင်ရိုးအလေးချိန်သည် ပေါင်၅၅၄၄၀နှင့် တတိယဝင်ရိုးအလေးချိန်သည် ပေါင်၄၂၂၄၀ဖြစ်ပါက အထက်ပါနည်းအတိုင်း တွက်ချက်လျှင် စုစုပေါင်းပျက်ယွင်းကိန်း၂၃၄ဒသမ၃၉၉ရပါမည်။

အထက်ဖော်ပြပါ ၁၃တန်(T.E-11)ယာဉ်နှင့် တန်၆၀(Nissen Diesel) ယာဉ်နှစ်စီးအား နှိုင်းယှဉ်ကြည့်ပါက ပျက်ယွင်းကိန်း အဓိပ္ပာယ်အရ တန်၆၀ရှိသော ယာဉ်တစ်စီး လမ်းပေါ်ဖြတ်သန်း၍ ပျက်ယွင်းနိုင်သောပမာဏသည် ၁၃တန်ယာဉ် အစီးပေါင်း ၂၃၄ဒသမ၃၉၉/၁ဒသမ၉၈၅=၁၁၈စီးဖြတ်သွား၍ ဖြစ်ပေါ်သောပျက်ယွင်းမှု ပမာဏနှင့်ညီကြောင်း သိရပါသည်။

ထိုသို့ ပျက်ယွင်းကိန်းများသောယာဉ်များ လမ်းပေါ်တွင်သွားလာပါက လမ်းပျက်ယွင်းမည်ဖြစ်သဖြင့် ယခုအခါ ပျက်ယွင်းကိန်းမများရန် ထိန်းချုပ်မှုများလုပ်လာကြပါသည်။ ထိန်းချုပ်မှုများကို အောက်ပါအတိုင်း နည်းလမ်းတစ်မျိုးမျိုးကို အသုံးပြုကြပါသည်။

(၁) ယာဉ်၏စုစုပေါင်းအလေးချိန်တန်အမျိုးမျိုးအတွက် ယာဉ်အမျိုးအစား၊ ရှိရမည့် ဝင်ရိုးအရေအတွက်နှင့် ဝင်ရိုးအလေးချိန်များကို သတ်မှတ်ပေးခြင်းဖြစ်ပါသည်။

(၂) တရားဝင်ရှိရမည့် အများဆုံးဝင်ရိုးအလေး (Legal Axle Load Limit) ကန့်သတ်ချက်သတ်မှတ်ပေးခြင်း၊ ဥပမာ-တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၁၀ တန်ဟုသတ်မှတ်ပါသည်။ ထိုကဲ့သို့ သတ်မှတ်ခြင်းကြောင့် ယာဉ်စုစုပေါင်းအလေးချိန် တန် ၄၀ ဆိုလျှင် ဝင်ရိုးလေးခု ရှိရမည်ဖြစ်ပြီး တန် ၆၀ ဆိုလျှင် ဝင်ရိုးခြောက်ခုရှိသော ယာဉ်ဖြစ်ရပါမည်။

ကုန်တင်ယာဉ်အလေးချိန်သတ်မှတ်ခြင်း

နိုင်ငံတကာကျင့်စဉ်မှာ ယာဉ်ပမာဏကို ထိန်းချုပ်လေ့မရှိသော်လည်း ကုန်တင်ယာဉ်အမျိုးအစားနှင့် ဝင်ရိုးအရေအတွက်ပေါ် မူတည်လျက် ယာဉ်တစ်မျိုးအတွက် စုစုပေါင်းရှိရမည့် အလေးချိန်ကို ကန့်သတ်ပေးပါသည်။

နိုင်ငံအမည်	အမျိုးအစား	ကန့်သတ်အလေးချိန်အများဆုံး(ကုန်+ယာဉ်)
ထိုင်း	ဝင်ရိုး(၂)ချောင်းတပ်ကုန်တင်ယာဉ်	၁၂ တန်
	ဝင်ရိုး(၃)ချောင်းတပ်ကုန်တင်ယာဉ်	၂၁ တန်
	ဝင်ရိုး(၅)ချောင်းတပ်ကုန်တင်ယာဉ်	၃၉ တန်
စင်ကာပူ	ဝင်ရိုး(၂)ချောင်းတပ်ကုန်တင်ယာဉ်	၁၆ တန်
	ဝင်ရိုး(၃)ချောင်းတပ်ကုန်တင်ယာဉ်	၂၄ တန်
	ဝင်ရိုး(၄)ချောင်းတပ်ကုန်တင်ယာဉ်	-
	နောက်ဆက်တွဲယာဉ်အများဆုံး	၂၄ တန်
မလေးရှား	ဝင်ရိုး(၂)ချောင်းတပ်ကုန်တင်ယာဉ်	၁၆ တန်
	ဝင်ရိုး(၃)ချောင်းတပ်ကုန်တင်ယာဉ်	၂၁ တန်
	ဝင်ရိုး(၄)ချောင်းတပ်ကုန်တင်ယာဉ်	၂၅ တန်
အာဆီယံ	ဝင်ရိုး(၂)ချောင်းတပ်ကုန်တင်ယာဉ်	၁၆ တန်
(ASEAN)	ဝင်ရိုး(၃)ချောင်းတပ်ကုန်တင်ယာဉ်	၂၁ တန်
စံချိန်စံညွှန်း	ဝင်ရိုး(၄)ချောင်းတပ်ကုန်တင်ယာဉ်	-
	နောက်ဆက်တွဲယာဉ်အများဆုံး	၃၈ တန်

ဤကဲ့သို့သတ်မှတ်ပေးခြင်းဖြင့် ဝင်ရိုးအသီးသီးမှတစ်ဆင့် လမ်းပေါ်သက်ရောက်အားများကို မျှတနည်းပါးစေပြီး လမ်းပျက်ယွင်းမှု နည်းစေပါသည်။

ယနေ့မြန်မာနိုင်ငံတွင် သွားလာနေသောကုန်တင်ယာဉ်များမှာ-

ဝင်ရိုး(၂)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် ၁၃တန်မှ တန်၂၀

ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် တန်၂၀မှ တန်၆၀

ဝင်ရိုး(၄)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် တန်၃၀မှ တန်၈၀

ဝင်ရိုး(၅)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် တန်၄၀မှ တန်၁၀၀ တင်လျက် အသုံးပြုနေသည်ကို တွေ့ရှိနေပါသည်။

ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ချက်(Axle Load Limit)

ကုန်တင်ယာဉ်၏ စုစုပေါင်းအလေးချိန်နှင့် ဝင်ရိုးအရေအတွက်အရ ဝင်ရိုးအသီးသီး၏ ဘီးများမှတစ်ဆင့် လမ်းပေါ်သက်ရောက်သော အလေးချိန်အား Axle Load ဟုခေါ်ပါသည်။ ယင်းဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ချက် (Axle Load Limit)သည် နိုင်ငံတကာတွင် အောက်ပါအတိုင်း သတ်မှတ်ထားရှိပါသည်-

နိုင်ငံအမည်	ဝင်ရိုးတစ်ခု၏အများဆုံးအလေးချိန်သတ်မှတ်ချက်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ	၁၀ တန်
စင်ကာပူနိုင်ငံ	၁၀ တန်
ဂျပန်နိုင်ငံ	၁၁ တန်
မလေးရှားနိုင်ငံ	၁၀ တန်
အာဆီယံနိုင်ငံများ	၁၀ တန်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် သွားလာနေသော ကုန်တင်ယာဉ်များ၏ ဝန်ပိုတင်ခြင်းဖြင့် လမ်းများပေါ်တွင် သက်ရောက်လျက်ရှိသော Axle Load များသည် နိုင်ငံတကာဝင်ရိုးတစ်ခု အများဆုံးအလေးချိန် သတ်မှတ်ချက်ထက် ပိုမိုများနေသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်း မြို့သစ်မြို့နယ် နွားလှကျေးရွာ သိမ်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုစိတ္တ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း မြို့သစ်မြို့နယ် နွားလှကျေးရွာတွင် ခမည်းတော်ဦးဖိုးချို၊ မယ်တော် ဒေါ်ဆစ်ခိုင်တို့မှ ၁၂၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၇၀ ပြည့်နှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် နွားလှကျေးရွာ သိမ်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပြီး ၁၂၈၈ခုနှစ် နယုန်လပြည့်ကျော် ၄ရက်နေ့တွင် ဆရာတော်ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြို့သစ်မြို့နယ် နွားလှကျေးရွာ သိမ်ကုန်းကျောင်း ဆရာတော်ဘဒ္ဒန္တအာစာရ၊ မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာသာမိ၊ ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တသုန္ဒရနှင့် မန္တလေး တောင်မြို့တိုက်သစ် ကျောင်းဆရာတော်ဘဒ္ဒန္တဓမ္မသာမိ၊ ဘဒ္ဒန္တဥက္ကံသ၊ မန္တလေး အာသောကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တသုန္ဒရနှင့် ဘဒ္ဒန္တဂန္ဓမာတို့၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သိမ်ကုန်းကျောင်းတိုက်တွင် ဝိနည်း၊ သဒ္ဒါ၊သင်္ဂဟစာဝါများ ပို့ချခြင်း၊ ပရိယတ္တိနုဂ္ဂဟစာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲ၊ ဝိနယာနုဂ္ဂဟစာမေးပွဲ၊ ယဉ်ကျေးမှုစာမေးပွဲများတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နာယကအဖြစ်လည်းကောင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ်၌ မြို့သစ်မြို့နယ် သံဃနာယကဥက္ကဋ္ဌနှင့် မြို့နယ်ဝိနည်းဓိုရ်ဆရာတော်အဖြစ်လည်းကောင်း၊ ပဉ္စမအကြိမ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၃)နှစ်၊ သိက္ခာတော်(၈၃)ဝါအရ ၁၃၇၁ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ရက် (၁၇-၉-၂၀၀၉ရက်) ကြာသပတေးနေ့ ညနေ၅နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ရှေးဦးပြုစုနေ့နှင့် အလှူငွေပေးအပ်ပွဲ မိုးကောင်း၌ကျင်းပ

မိုးကောင်း စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက် မွန်းတည့် ၁၂ နာရီက အထက(၂) ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက စက်တင်ဘာ ၁၂ရက်က ကျရောက်သည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ကြက်ခြေနီတပ်ဖွဲ့ဝတ်စုံနှင့် အလှူရှင်များမှ အလှူငွေကျပ် ၂၆၄၀၀၀တို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ပညာပေးအရေးယူခြင်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စခန်းများမှတပ်ဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ ပူးပေါင်းပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များသည် နေ့စဉ် မော်လမြိုင်မြို့နယ်နှင့် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတို့၌ မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းစေရေးတို့အတွက် ပညာပေးအရေးယူခြင်းနှင့် ရှောင်တခင်စစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် မော်လမြိုင်မြို့နယ်အတွင်း ယာဉ်တိုက်မှုဖြစ်ပွားမှုများ နှစ်အလိုက်လျော့နည်းခဲ့သည်။ အဆိုပါအဖွဲ့သည် မေလမှ ဩဂုတ်လ ၃၁ရက်အထိ စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်အမှု ၂၁၀၀ **(အောက်ပုံ)**နှင့် မော်တော်ယာဉ်မှု ၁၆၀တို့ကို စစ်ဆေးအရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်တို့ စက်တင်ဘာ ၁၄ရက်က မင်းဘူးမြို့ စက္ကိန္ဒလမ်း တိုးချဲ့ကတ္တရာခင်းခြင်းကို ကြည့်ရှုစစ်ဆေးရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင် စာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်းပွဲကို စက်တင်ဘာ ၁ရက် မွန်းလွဲ ၁နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

*အစီအစဉ်အရ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး လှူဒါန်းသောစာအုပ်များကို လက်ခံယူကာ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)***

ယင်းအခမ်းအနားတွင် နံနက်ခင်းဂျာနယ်နှင့် ဆင်တောင်ကြီးစာပေမှ ငွေကျပ် ၄၅၂၄၄၅၀ တန်ဖိုးရှိ Current Journal ၁၂၉၂၇အုပ်၊ တူဒေးဂျာနယ်မှ ငွေကျပ် ၃၁၅၀၀၀၀ တန်ဖိုးရှိ Lifestyle မဂ္ဂဇင်းအုပ် ၅၀၀၊ စီအီးအို စီမံခန့်ခွဲရေးမဂ္ဂဇင်းအုပ် ၅၀၀၊ ပလုပ်တုတ်ကလေးမဂ္ဂဇင်းအုပ် ၇၅၀၊ 7 day news ဂျာနယ်တိုက်မှ ငွေကျပ် ၉၇၀၀၀၀ တန်ဖိုးရှိ 7 day news ဂျာနယ်အစောင် ၄၈၅၀၊ Internet ဂျာနယ်တိုက်မှ ငွေကျပ် ၉၁၀၀၀၀ တန်ဖိုးရှိ Internet ဂျာနယ်အစောင် ၄၅၅၀ နှင့် ငွေကျပ် ၈၂၈၀၀၀ တန်ဖိုးရှိ Myanmar People မဂ္ဂဇင်း ၅၅၂ အုပ်ကို အလှူရှင်များက လှူဒါန်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်များ ကျောင်းသုံးဗလာစာအုပ်လှူဒါန်းပွဲ သံတွဲ၌ကျင်းပ

သံတွဲ စက်တင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ရေလုပ်သားများဘဝ မြင့်တင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်များ ပူးပေါင်း၍ ရေလုပ်သားများ၏ ရင်သွေးငယ်များအား ကျောင်းသုံးဗလာစာအုပ် ထောက်ပံ့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၅ရက် နံနက် ၁၀နာရီက သံတွဲခရိုင် သံတွဲမြို့နယ် ခမောင်းတုန်းကျေးရွာ အလကကျောင်းတွင် ကျောင်းသုံးဗလာစာအုပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေနှင့်ဝန်ထမ်းများ၊ အလှူရှင် ရေလုပ်ငန်းရှင်များ၊ ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာ ရေလုပ်သားမိသားစုများ တက်ရောက်ကြသည်။

လှူဒါန်း

ထိုကဲ့သို့ လှူဒါန်းပွဲများကို သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ ၄က်တော်အမကတွင် စက်တင်ဘာ ၁၀ရက်ကလည်းကောင်း၊ ဆင်ကြပ်ကျေးရွာ အမကတွင် စက်တင်ဘာ ၁၃ရက်က လည်းကောင်း စုစုပေါင်း ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၅၀လှူဒါန်းကြပြီး ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အားကစားပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)** (ခရိုင် ပြန်/ဆက်)

စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

သီပေါ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စက်တင်ဘာ ၇ရက်က မြို့နယ်ရုံး၌စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူးက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်မှန်းချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းကို ကျင်းပရာ စက်တင်ဘာ ၅ ရက်ထုတ် မန်းသာစိန်(ဖာပွန်)၏ လောက်ကိုင်မှာသာတဲ့လ(၁)ကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေစိုးဟန်က ဖတ်ကြားပြီး အပြန်အလှန်ဆွေးနွေးသုံးသပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ္မတူ၌ ခြင်နှင့် ပိုးလောက်လမ်းနှိမ်နင်း

နမ္မတူ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကျန်းမာရေးဌာနတို့ကကြီးမှူး၍ မြို့နယ်လုံးဆိုင်ရာ ခြင်နှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းကို ဩဂုတ် ၁၈ရက် နံနက်က အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အခြေခံပညာကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်ရှိ နေအိမ်ခြံဝင်းများတွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ပညာပေး

နမ္မတူမြို့ပေါ်ရပ်ကွက် အသီးသီးတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စုပေါင်း၍ ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ပြုပြင်တူးဖော်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ခရိုင်ဆရာဝန်ကြီး ဦးညွန့်သန်း ဦးစီးသော ကျန်းမာရေးဝန်ထမ်းများက ခြင်နှင့်ပတ်သက်၍ ဖြစ်ပွားတတ်သောရောဂါများနှင့် ကာကွယ်တားဆီးမှုလုပ်ငန်းစဉ်များအကြောင်းကို ပညာပေးဟောပြောကြသည်။**(မြို့နယ် ပြန်/ဆက်)**

စက်တင်ဘာ ၃ ရက်က အင်းတော်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ တိုးချဲ့မြို့ရေပေးရေးအတွက် လေးလက်မ အဓိကပိုက်လိုင်းမှသုံးလက်မ ပိုက်သွယ်တန်းနေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကွင်းဆင်း ကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MNL Grand Royal 2009 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)

ထိပ်သီးနှစ်သင်း ထိပ်တိုက်တွေ့ကြမည့် အမှားမခံသော ပွဲကြီးပွဲကောင်း

သုံးသပ်ရေးသားသူ-မြန်မာလိဂ်လေ့လာသူတစ်ဦး ✦ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၂

တစ်ပွဲပြီးတစ်ပွဲ ပုံစံအမျိုးမျိုးဖြင့် ပရိသတ်များအား ဖမ်းစားထားသည့် MNL Grand Royal 2009 အမှတ်ပေး ဘောလုံးပြိုင်ပွဲကြီးမှ စက်တင်ဘာ ၂၃ရက် **(ယနေ့)**ညနေဆိုပါလျှင် ပရိသတ်များ အထူး စိတ်ဝင်စားနေသော ပွဲကြီးပွဲကောင်းတစ်ပွဲ ရှိနေသည်။ ကစားမည့်ကွင်းက မန္တလေးမြို့ ဗထူးကွင်းဖြစ်ပြီး ထိပ်တိုက်တွေ့မည့် နှစ်သင်းက လက်ရှိ အမှတ်ပေးဇယားထိပ်တွင် ရှုံးပွဲမရှိရပ်တည်နေသော ရတနာပုံနှင့် ဒယ်လ်တာယူနိုက်တက်တို့ဖြစ်ကြသည်။

ဒယ်လ်တာယူနိုက်တက်နှင့် ကစားရမည့် ရတနာပုံယူနိုက်တက်အသင်း။ (မြန်မာ့အလင်း)

ထိုက်တန်သောရလဒ်

မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ အသင်းမှာ ပြီးခဲ့သော MNL Cup Grand Royal 2009 ဖလားလုပွဲတွင် ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့သော အသင်းပီပီ ယခုအမှတ်ပေး ပြိုင်ပွဲတွင်လည်း ချန်ပီယံဂုဏ်သိက္ခာကို ဆက်ထိန်းနိုင်အောင် အစွမ်းကုန်ကြိုးစား ကစားနေသောအသင်းဖြစ်သည်။ တောင့်တင်း ပြီးသားအသင်းအထိုင်ကိုမဖျက်ဘဲ လိုအပ် သည့်နေရာများအတွက် ကစားအားနှင့် စိတ်ဓာတ်ပိုင်းကောင်းမွန်သော ပြည်ပ ကစားသမားအချို့ကို ထပ်မံအားဖြည့် ခေါ်ယူထားသည့်အပြင် နည်းပြ ရီအမ်ချမှတ်ပေးသော နည်းစနစ်ကစားကွက်များ ကို အသင်းသားအားလုံးက အံဝင်အောင် လိုက်ပါကစားနေနိုင်သောကြောင့် အသင်း၏ ဟန်ချက်မှာ ပိုမိုကောင်းမွန်လာပြီး အသင်းကြီးနှင့် လျော်ညီသောခြေစွမ်းမျိုးကို ထုတ်ပြနေနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် လေးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ တစ်ပွဲ သရေဖြင့် ရှုံးပွဲမရှိသောစံချိန်ကို ထိန်းထား နိုင်သည်။

ပြီးခဲ့သည့် MNL Cup Grand Royal 2009 ဖလားလုပွဲတွင် အောက်ဆုံး အဆင့်၌ရပ်တည်ခဲ့သော ဒယ်လ်တာအသင်း မှာ ယခုအမှတ်ပေးပြိုင်ပွဲတွင် ပြောင်းပြန် အနေအထားမျိုးဖြစ်အောင် အစွမ်းကုန်ကြိုး စားနေသည်ကို တွေ့ရသည်။ လိုအပ်သည့် နေရာအားလုံးအတွက် အပြောင်းအလဲလုပ်ခဲ့ သော ဒယ်လ်တာအသင်းသည် ယခုပြိုင်ပွဲ တွင် ပရိသတ်အားပေးမှုလည်း ပိုမိုရရှိခဲ့ သောကြောင့် အသင်းစိတ်ဓာတ်နှင့် ကစား အားမှာ သိသိသာသာ တိုးတက်လာပြီး အသစ်ခေါ်ယူထားသည့် အာဖရိက ကစား သမားများမှာလည်း ပရိပီသစွာ အသင်းကို အမြန်ဆုံး အထောက်အကူပြုနိုင်အောင် ကြိုးစားနိုင်ခဲ့သောကြောင့် ဒယ်လ်တာအသင်း မှာ ယခုပြိုင်ပွဲတွင် အများချီးကျူးခံရသည့် အသင်းကြီးဖြစ်နေသည်။ ထို့ကြောင့် ထိုနှစ်သင်းစလုံးမှာ သူတို့အသင်းများ၏ ခြေစွမ်း၊ စိတ်ဓာတ်နှင့် ကြိုးစားအားထုတ် မှုထိုက်တန်သော ရလဒ်ကောင်းမျိုးကို ပိုင်ဆိုင်နေခြင်း ဖြစ်သည်။

အားနည်းချက်ကိုယ်စီရှိ

သို့သော် ထိုနှစ်သင်းစလုံးတွင် အားနည်းချက်ကိုယ်စီ ရှိနေသေးသည်ကို တွေ့ရသည်။ ရတနာပုံအသင်းမှာ လက်ရှိ ခြေစွမ်းပိုင်းနှင့် ကစားအားပိုင်းတွင် အခြား အသင်းများထက် နှာတစ်ဖျားသာသယောင် ရှိသော်လည်း အသင်းဖွဲ့စည်းမှုအင်အားမှာ လိုအပ်ချက်များ ရှိနေသည်။ အထူးသဖြင့် အရန်အင်အားမှာ အခြားအသင်းကြီးများ ထက်အနည်းငယ်အားနည်းနေသလို ဖြစ်နေ သောကြောင့် တာထွက် ကစားသမားနှစ်ဦး၊ သုံးဦးခန့် တစ်ပြိုင်တည်း ဒဏ်ရာရသွား ပါက အသင်းဟန်ချက် အနည်းငယ်ပျက် သွားနိုင်သည်။ ဒယ်လ်တာအသင်းမှာလည်း ယခုအချိန်အထိ ရှုံးပွဲမရှိဇယားထိပ်ပိုင်းတွင် ရပ်တည်နေနိုင်သော်လည်း နိုင်ငံခြားကစား သမားများနှင့် ပြည်တွင်းကစားသမားများ မှာ ယခုအချိန်အထိ အကောင်းဆုံး အတွဲ အဖက်ပုံစံမျိုးမရှိသေးသလို ခံစစ်ပိုင်းက လည်း ပွဲတိုင်း ဂိုးပေးနေရသည့် အားနည်း ချက်ရှိနေပြန်သည်။ ထို့ပြင် ပထမပိုင်းတွင် သိသိသာသာ အထနှေးသလို ဖြစ်နေတတ် ခြင်းက တိုက်စစ်အားကောင်းပြီး ဂိုးသွင်း သေချာသော ပြိုင်ဘက်ကောင်းမျိုးနှင့် တွေ့လျှင် အခက်တွေ့နိုင်သည်။

ဖိအားအနည်းနှင့်အများ

ယခုပွဲကို ဗထူးကွင်းတွင်ကစားရခြင်း ဖြစ်၍ ပရိသတ်အခိုင်အမာရရှိထားသော ရတနာပုံအသင်းအတွက် အားတက်စရာဖြစ် နေသည်။ အထူးသဖြင့်မန္တလေးပရိသတ်များ မှာ သူတို့အသင်းကို ပွဲတိုင်းကွင်းလုံးပြည့် အုံနှင့်ကျင်းနှင့် တစ်ခဲနက်အားပေးတတ် သောကြောင့် ယခုပွဲတွင် ဒယ်လ်တာအသင်း သားများ စိတ်လှုပ်ရှားမှုမရှိရန်နှင့် ဘောလုံး ကိုသာ အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားနိုင် အောင်ကြိုးစားရမည်ဖြစ်သည်။ သို့သော် ဒယ်လ်တာအသင်းမှာလည်း ဧရာဝတီတိုင်း သားပရိသတ်များ၏ အသည်းနှလုံးဖြစ်နေပြီး ထိုပွဲကို ဧရာဝတီ ပရိသတ်အချို့လည်း လာရောက် တစ်ခဲနက်အားပေးကြမည်ဖြစ် ၍ ဒယ်လ်တာအသင်းသားများအတွက်လည်း စိတ်ဓာတ်ခွန်အား အနည်းနှင့်အများ ရှိနေမှာ သေချာသည်။ ထို့အတူ ရတနာပုံအသင်း ပရိသတ်များအနေဖြင့် သူတို့အသင်းကို နိုင်မှသာကျေနပ်ကြပြီး နိုင်လျှင်တောင် ဂိုးပြတ်ခြေအသာဖြင့်နိုင်မှ တင်းတိမ်တတ် ကြသည့် အချက်ကြောင့်လည်း တစ်ဖက်က ပြန်ကြည့်လျှင် ရတနာပုံအသင်းအတွက် နိုင်မှဖြစ်မည်ဆိုသော စိတ်ဖိစီးမှု ဖိအား အနည်းနှင့်အများ ရှိနေနိုင်သည်။ ထို့ကြောင့် ပရိသတ်များ၏အားပေးမှု အနေအထားက လည်း ယခုပွဲကို အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်မှု ရှိလာနိုင်သည်ကို ထည့်စဉ်းစား ထားရန်လိုပေသည်။

ခက်ခဲမှာသေချာ

ဇယားထိပ်ဆုံးမှ ထိပ်သီးနှစ်သင်း ထိပ်တိုက်တွေ့သည့်ပွဲဖြစ်ပြီး အနိုင်ရသည့် အသင်းမှာ အဆင့်(၁)နေရာတွင် ပြတ်သား စွာရပ်တည်ခွင့် ရမည်ဖြစ်သောကြောင့် နှစ်သင်းစလုံး ရလဒ်ကောင်းရန် အသည်း ပေါက်မတတ် ကြိုးစားကြမည်မှာအမှန်ပင်။ လက်ရှိခြေစွမ်းအရလည်း ကွာခြားမှု သိပ်မရှိသောကြောင့် နှစ်သင်းစလုံးအတွက် အလွန်ခက်ခဲသည့်ပွဲဖြစ်မှာလည်း သေချာ သည်။ မည်သို့ဆိုစေ ဂုဏ်သိက္ခာအရ ရော ချန်ပီယံမျှော်လင့်ချက်အရပါ အလွန် အရေးကြီးသည့်ပွဲဖြစ်၍ နှစ်သင်းစလုံး လူစုံ၊ ခြေကုန်၊ ပညာကုန်ထုတ်၍ အပြိုင် အဆိုင် ကြိုးစားကြမည်ဖြစ်၍ ပရိသတ် အတွက်လည်း အလွန်ကြည့်ကောင်းမည့် ပွဲကြီးပွဲကောင်းဖြစ်လာမှာ သေချာလှ သည်။ ။ **(မြန်မာ့အလင်း)**

(၂၀ - ၉ - ၂၀၀၉) ရက်အထိရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
၁	ရတနာပုံ	၄	၃	၁	-	၆	၁	၅	၁၀
၂	ဒယ်လ်တာယူနိုက်တက်	၄	၃	၁	-	၈	၅	၃	၁၀
၃	ကမ္ဘောဇ	၄	၃	-	၁	၇	၅	၂	၉
၄	မကွေး	၄	၁	၂	၁	၂	၃	-၁	၅
၅	ဥသာယူနိုက်တက်	၄	၁	၁	၂	၃	၆	-၃	၄
၆	ရန်ကုန်ယူနိုက်တက်	၄	၁	-	၃	၄	၅	-၁	၃
၇	ဆောက်သမ်းမြန်မာ	၄	၁	-	၃	၆	၈	-၂	၃
၈	ဇေယျာရွှေမြေ	၄	-	၁	၃	၃	၆	-၃	၁

ဒယ်လ်တာယူနိုက်တက်

ဒယ်လ်တာ ယူ နိုက် တက် အ သင်း သား များအား တွေ့ ရစဉ်။

(မြန်မာ့ အလင်း)

သန်လျင်မြို့ ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ရက်ကကျင်းပရာ ဒုတိယတန်း တွင် ပထမရရှိသော မောင်ရာဇတိုးအား ကျောင်းအကျိုးတော်ဆောင် နာယက ဦးတင်ဝင်းက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ဗန်းမော်ခရိုင် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကျင်းပ

ဗန်းမော် စက်တင်ဘာ ၂၂

ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ စာဖတ်ပွဲကို စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၂နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဓာတ်ပုံ ကျွမ်းကျင်-၂ ဦးသက်ဦးနှင့် ရုပ်သံကျွမ်းကျင်-၃ ဦးအူရားနော်တို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၁၅)ကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်-၃ ဦးမျိုးလှိုင်က ရုံးချုပ်နှင့်ခရိုင်မှ ညွှန်ကြားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် ကိုက်ညီရမည့် စံ(၅)ချက် ကို ဝန်ထမ်းတိုင်း အလွတ်ကျက်မှတ်လိုက်နာရေး ညွှန်ကြားစာကိုလည်းကောင်း၊ အငယ်တန်း စာရေး ဦးအောင်မင်းဦးက ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၇)မှ ညီညွတ်မှုဖြင့် လျှောက်လှမ်းကြမည့် ဆောင်းပါးကိုလည်းကောင်း၊ ရုံးအကူ ဒေါ်ကြူကြူဝင်းက ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၇)မှ ဆောင်းပါးရှင် ညွန့်ဦးစိုး၏ အမှားမြင်၍ အမှန်ပြင်နိုင်ပါစေ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တာဦးကျောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်ခွဲ ခြင်းလုပ်ငန်းကို စက်တင်ဘာ၁၅ရက်က အမှုဆောင်အရာရှိ ဦးဌေးလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် စက်တင်ဘာဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှင်းဆီလမ်း(အေးသာယာ) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့် နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မိဘအမည်မှန်

အထက(၃)၊ကမာရွတ်၊Grade-10 (A)မှ မသက်ဝေထွန်း၁၂/ဥကတ(နိုင်)၁၇၅၆၄၅၏မိဘအမည်မှန်မှာ ဦးဌေးထွန်း၁၂/လခန(နိုင်)၀၉၀၀၁၈ နှင့် ဒေါ်ခင်သန်းဝင်း၁၂/ဥကတ(နိုင်)၀၂၈၂၄၄ဖြစ်ပါကြောင်း။**မသက်ဝေထွန်း။**

မိဘအမည်မှန်

ဘားအံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ နိုင်ငံသားအမှတ် ၃/ဘအန(နိုင်)၂၈၉၇၄၄ ကိုင်ဆောင်သူ မောင်စောသျှားထက်၏ ဖခင်မှာ ဦးကျော်ခဲ(ခ)စောကျင်ဦး(ခ)ဦးအောင်ကျင်ဦး နိုင်ငံသားအမှတ် ၃/ဘအန (နိုင်) ၀၄၈၈၃၁ဖြစ်ပြီး မိခင်မှာ ဒေါ်ခင်ဌေးသိန်း(ခ)ဒေါ်ချိုချိုသန်း နိုင်ငံသားအမှတ် ၃/ဘအန(နိုင်) ၁၂၄၂၇၆ ဖြစ်ပါသည်။

အမည်မှန်

အဖ ဦးသောင်းအေး၏ သမီး မြောက်ဥက္ကလာပ အလက(၁၀) န၀မတန်း(A) မှ ကျောင်းသူ အမည်မှန်မှာ ၁၂/မဂဒ(နိုင်) ၁၄၈၂၆၄ မဝင်းရတနာဦး ဖြစ်ပါသည်။

မဝင်းရတနာဦး။

အမည်ပြောင်း

အဖ ဦးခင်ဇော်၏သမီး အထက(၃) ထောက်ကြန့်တက္ကသိုလ်ဝင်တန်း(C)မှ မဖွေးနှင်းပွင့်ဖြူဇော် ၁၂/မဂဒ(နိုင်) ၁၅၈၃၄၁ အား စိုးသိင်္ဂီအောင်ဟု ပြောင်းလဲခေါ်ပါရန်။

စိုးသိင်္ဂီအောင်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)

ကဝမြို့နယ်တရားမရုံး

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၂

ဦးဝင်းရွှေ(ဘ)ဦးအုန်းမောင် နှင့် ဦးကျော်လွင်(ဘ)ဦးကျောက်တန်
ကဝမြို့၊ အမှတ် ၁ရပ်ကွက်။ ကဝမြို့နယ်၊ ဖလေးကျေးရွာ။
တရားလို တရားခံ

ကဝမြို့၊ ဖလေးကျေးရွာ၊ ကုံကော်မြိုင်ကျောင်းထိပ်နေ ဦးကျော်လွင်(ဘ)ဦးကျောက်တန် သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဝင်းရွှေက ချေးငွေကျပ်၁၅၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှံး အခွင့်အမိန့်ရရှိနေ ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် အောက်တိုဘာ၁၅ရက်(၁၃၇၁ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် စက်တင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ဝင်းခင်မိုးဆင့် (တ/၂၅၅၄)
တွဲဖက်မြို့နယ်တရားသူကြီး၊ ကဝမြို့နယ်တရားရုံး။







မြဝတီခရိုင် မြဝတီမြို့နယ် မူခင်းကျဆင်းရေးပညာပေးဆွေးနွေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်လွင်က မူခင်းကျဆင်းရေး ပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (၁၀၁)

တမူးမြို့နယ်ဉက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

တမူး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တမူးမြို့ အားကစားကွင်း၌ စက်တင်ဘာ ၁၅ ရက် ညနေက ကျင်းပရာ ခရိုင်ဉက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးနေမျိုးသန့်၊ မြို့နယ်ဉက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်များ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းမှ ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ကြသည်။

ယှဉ်ပြိုင်

ရှေးဦးစွာ မြို့နယ်ဉက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲနေ့တွင် တမူးမြို့ စော်ဘွားရပ်ကွက် ဘောလုံးအသင်းနှင့် ဘုတ္တန်ကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြန်ပြန်လာပါ

ဦးထွန်းရွှေ ၁၂/ဒဂန(နိုင်)၀၂၇၁၃၃ သည် မိသားစုအရေးကြီး ကိစ္စရှိသဖြင့် ၁၀ရက်အတွင်း အမြန်ပြန်လာပါ။

သားကြီး(သမိုင်း)။

ရှင်းလင်းတင်ပြ

မြို့ရေပေးရေးစီမံချက်အရ ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရေပိုက်လိုင်းများ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၄ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

ကွန်ပျူတာအသုံးပြု မြေပုံစနစ်နှင့် ဂြိုဟ်တု၊ ကောင်းကင်ဓာတ်ပုံအသုံးချခြင်း သင်တန်းပို့ချမည်

ရန်ကုန် စက်တင်ဘာ ၂၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်း စီစဉ်မှုဖြင့် ကွန်ပျူတာအသုံးပြုမြေပုံစနစ်နှင့် ဂြိုဟ်တုဓာတ်ပုံ(Satellite Image)များ၊ ကောင်းကင်ဓာတ်ပုံ (Aerial Photographs)များ အသုံးပြုခြင်းတို့အတွက် Geographic Information Systems (GIS) &Remote Sensing(RS) Certificate Course No.(3/09) သင်တန်းကိုရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ e-learning Center၌ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ၅နာရီမှ ၆နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၉ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၂၀သာ လက်ခံကာ သင်ကြားပို့ချမည်ဖြစ်၍ အသေးစိတ် သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်၄ အခန်း၄ ဖုန်း-၆၅၂၂၇၆သို့ စက်တင်ဘာ ၂၈ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ချောလမ်းခင်းရန် မြေသားလမ်းလုပ်ငန်းများ မိုင်းဖြတ်၌ ကွင်းဆင်းတိုင်းတာ

မိုင်းဖြတ် စက်တင်ဘာ ၂၂

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ယမ်းခမ်း-ဝမ်လုံး ကျောက်ချောလမ်းခင်းရန်အတွက် မြေသားလုပ်ငန်းစတင် ဆောင်ရွက်နိုင်ရန် အမှုဆောင်အရာရှိ ဦးစောသီဟနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြတ်ဇော်လင်းတို့ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ်ဆောင်ရွက်မည့် ဆေးရုံလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည် ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်း အမှတ် (၅) ရဲကင်းမှူး ရဲတပ်ကြပ်ကြီးသက်လွင်တို့ပူးပေါင်း၍ စက်တင်ဘာ ၁၄ရက်က မရမ်းကုန်းမြို့နယ် အလက(၅)၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောစဉ်။ (၁၁၁)

ကျောင်းနေကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါမဖြစ်ပွားရေးသတိပေးနှိုးဆော်ချက်

ကျောင်းများတွင်ဆောင်ရွက်ရမည့်လုပ်ငန်းများ-

(က) ကျောင်းတာဝန်ခံ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာဆောင်ရွက်ရန်

- ကျောင်းသား/ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများအားလုံးအား ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ သိကောင်းစရာများ စာစောင်ကို မှီငြမ်း၍ ကူးစက်ပုံနှင့် ကာကွယ်ပုံများကို နားလည်သဘောပေါက်အောင် ပညာပေးဟောပြောပြီး အထူးသဖြင့် နှာချေ၊ ချောင်းဆိုးလျှင် လိုက်နာရမည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်း၊ လက်ကိုမကြာခဏစင်ကြယ်စွာ ဆေးကြောခြင်း၊ လူစုလူဝေးနေရာများသို့ သွားရောက်မှုမှ ရှောင်ကြဉ်ခြင်းနှင့် လိုအပ်သောအချိန်တွင် ပါးစပ်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်အသုံးပြုခြင်းတို့ကို လက်တွေ့ကျင့်သုံးဆောင်ရွက်စေခြင်း၊
- ကျောင်းသား/ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေကို ဆရာ/ဆရာမများက ဂရုတစိုက် ကြပ်မတ်ကြည့်ရှုခြင်း၊
- ကျောင်းသား/ကျောင်းသူ တစ်ဦးဦးတွင် ဖျားခြင်း၊ တုပ်ကွေးရောဂါ လက္ခဏာဖြစ်ခြင်းများ တွေ့ရှိရပါက သတ်မှတ်ထားသော သီးသန့်အခန်းတွင် ထားရှိပြီး ပါးစပ် နှာခေါင်းစည်း တပ်ဆင်စေခြင်းနှင့် ကျန်းမာရေးဌာနသို့ ဆောလျင်စွာ အကြောင်းကြားခြင်း၊
- ကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်ခြင်း၊
- ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းပျက်ကွက်မှုစာရင်းကို သက်ဆိုင်ရာသို့ နေ့စဉ်မှန်မှန် သတင်းပို့ခြင်း။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာ ကော်မတီက ကြီးမှူး၍ ဆည်မြောင်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတကာအဆင့်မီ Geotechnical Engineering Course (Level-I) သင်တန်းကို အောက်တိုဘာ ၂ ရက်မှ စတင်၍ သုံးလကြာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန၌ သင်ကြားပို့ချမည်ဖြစ်ရာ ဂျပန်နိုင်ငံ (Geosphere Research Institute) နှင့် ထိုင်းနိုင်ငံ (AIT)တို့မှ ပါမောက္ခများ ပါဝင်ပို့ချကြမည်ဖြစ်သည်။ သင်တန်းကာလတွင် ဓာတ်ခွဲခန်းနှင့် လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာမည်ဖြစ်သည်။

လက်မှတ်ထုတ်ပေး

သင်တန်းတက်ရောက်လိုသူများသည် B.Sc (Geology), B.Sc Engg (Gem & Gem Mining), B. Tech, B.E (Civil or Mining)ဘွဲ့ရများဖြစ်ရမည်ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံး အခန်းအမှတ်(၃၀၃) မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ လှိုင်မြို့နယ် ဖုန်း-၅၁၇၆၇၃ မှ ၅၁၇၆၇၆အထိ လိုင်းခွဲ ၅၀၁၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၁-၉၆၇၅၈နှင့် ဦးစန်းရွှေ ဖုန်း-၀၉-၅၃-၄၁၈၂၈တို့တွင် ရယူရမည်ဖြစ်သည်။ သင်တန်းစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းပြီးစီးသည်အထိ တက်ရောက်သူများကို သင်တန်းပြီးစီးကြောင်း လက်မှတ်ထုတ်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၂

ဦးတင်ဝင်း (MPPE) (လေယာဉ်ဆီ မင်္ဂလာဒုံ)သည် ကစားဖော်များဖြစ်ကြသော ဦးစိုးမြင့် (MPPE-ငြိမ်း)၊ ဦးဆန်နီဇော်ထွန်း (MA)၊ ဦးအောင်သန့်စင် (MA)တို့နှင့်အတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၁၅မိနစ်တွင် မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon ဘောလုံးကို Callaway Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၃ကိုက်အကွာရှိ ကျင်းအမှတ် (၇) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမဆုံးသင်္ဘောကြီးများ ပထမဆုံးသင်္ဘောကြီးများ ပထမဆုံးသင်္ဘောကြီးများ ပထမဆုံးသင်္ဘောကြီးများ

➤ ရှာဖွေရေးသားသူ - မြင့်မောင်စိုး

ကမ္ဘာပေါ်တွင် စွမ်းအင်အမျိုးမျိုး အသုံးပြုခုတ်မောင်းနေသော သင်္ဘောကြီးများစွာ ရှိသည်။ ယင်းသင်္ဘောကြီးများအနက် ပထမဆုံး ဆိုလာစွမ်းအင်သုံး သင်္ဘော၊ ပထမဆုံး နျူကလီးယားစွမ်းအင်သုံး ကုန်တင်သင်္ဘောနှင့် ပထမဆုံး လေစွမ်းအင်သုံး ကုန်တင်သင်္ဘော များအကြောင်း ဗဟုသုတသိမှတ်ဖွယ်ရာအဖြစ် လေ့လာရေးသား တင်ပြရပါလျှင်-



ကမ္ဘာ့ပထမဆုံး နျူကလီးယား စွမ်းအင်သုံး ကုန်တင်သင်္ဘော

ဆားဗားနားဟု အမည်ပေးထားသည့် ကမ္ဘာ့ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး ကုန်တင်သင်္ဘောကို အမေရိကန် သင်္ဘောကုမ္ပဏီတစ်ခုက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ***(ယာပုံ)***

ယင်းသင်္ဘောကို ၁၉၅၉ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အရှည်မှာ ၅၉၆ ပေဖြစ်သည်။ ၎င်းသင်္ဘောကို ၁၉၆၅ခုနှစ် မှ ၁၉၇၀ ပြည့်နှစ်အတွင်း ပင်လယ်ရေကြောင်းသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့ရာ စက်သုံးဆီဂါလန် သန်းပေါင်း ၂၉ သန်းကျော် သက်သာစေခဲ့သည်ဟုဆိုသည်။ ယခုအခါ အမေရိကန် ရေကြောင်းထိန်းသိမ်းရေးအဖွဲ့က ရှေးဟောင်းအမွေအနှစ်ပစ္စည်းအဖြစ် သိမ်းဆည်းထားသည်။ ***(အင်တာနက်)***

ကမ္ဘာ့ပထမဆုံး ဆိုလာစွမ်းအင်သုံး ကုန်တင်သင်္ဘော

ကမ္ဘာ့ပထမဆုံး ဆိုလာစွမ်းအင်သုံး ကုန်တင်သင်္ဘောကို ဂျပန်နိုင်ငံအခြေစိုက် တိုယိုတာနှင့် အင်န်ဝိုင်ကေ သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းသင်္ဘောအမည်ကို အော်ရီဂါလီဒါ (Auriga Leader)ဟု အမည်ပေးထားသည်။

အော်ရီဂါလီဒါ သင်္ဘောထိပ်ဦးပိုင်း၌ ဆိုလာပြား ၃၂၈ ပြား တပ်ဆင်ထားသည်။ ယင်းဆိုလာပြားများမှ ကီလိုဝပ် ၄၀ထုတ်လုပ်ပေးနိုင်သည်။ ဆိုလာစွမ်းအင်မှာ ဒီဇယ်ထက်လောင်ကျွမ်းမှုအား ပိုကောင်းသည်။ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယင်းကမ္ဘာ့ပထမဆုံး ဆိုလာစွမ်းအင်သုံးသင်္ဘောကို တီထွင်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ (အောက်ပုံ)

အော်ရီဂါလီဒါသင်္ဘောကြီးသည် တန်ချိန်အားဖြင့် ၆၀၀၀၀ ရှိပြီး အရှည်မှာ ၆၆၅ ပေရှိသည်။ *(အင်တာနက်)*



ကမ္ဘာ့ပထမဆုံး လေစွမ်းအင်သုံး ကုန်တင်သင်္ဘော

ဘီလူဂါစကိုင်းဆေးဟု အမည်ပေးထားသော ကမ္ဘာ့ပထမဆုံးလေစွမ်းအင်သုံး ကုန်တင်သင်္ဘောကြီးတွင် ဧရာမစွန်ကြီး၏ လေစွမ်းအင်ကို ရယူကာ ခုတ်မောင်းခြင်းဖြစ်သည်။ ယင်းစွန်တွင် ကွန်ပျူတာထိန်းချုပ်စနစ် ပါရှိသည်။ ***(အပေါ်ပုံ)***

သက်သာစေနိုင်

အဆိုပါသင်္ဘောကြီးသည် လေစွမ်းအင်ကို တစ်စိတ်တစ်ဒေသအားဖြင့်သာ အသုံးပြုနိုင်ပြီး စက်သုံးဆီကုန်ကျမှု ၂၀ ရာခိုင်နှုန်း သက်သာစေသည်ဟုဆိုသည်။ ၎င်းသင်္ဘောကြီးကို ဂျာမန်ကုမ္ပဏီနှစ်ခုက တည်ဆောက်ခဲ့ပြီး ပထမဆုံးသောခရီးအဖြစ် ဂျာမနီမှ ဗင်နီဇွဲလားသို့ ခုတ်မောင်းခဲ့သည်။ ***(အင်တာနက်)***

ကမ္ဘာ့ အထင်ကရ ပုဂ္ဂိုလ်များ

လျှပ်စစ်မီးသီးထိန်ထိန်လင်းစေခဲ့သူ လူဝီဟောင်းဝပ်လက်တီမာ

လူဝီဟောင်းဝပ်လက်တီမာကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ချယ်လ်ဆီးတွင် ၁၈၄၈ခုနှစ်က မွေးဖွားသည်။ သူသည်လူငယ်တစ်ဦးအနေဖြင့် ဘော့စတွန်မြို့ မူပိုင်ခွင့်ရုံးတွင် အလုပ်လုပ်ကိုင်ရင်း စက်မှုပုံဆွဲပညာကို သင်ယူခဲ့သည်။

ကြီးကြပ်ဆောင်ရွက်

၁၈၈၀ပြည့်နှစ်တွင် အမေရိကန် လျှပ်စစ်မီးကုမ္ပဏီမှ ဟီရမ်မက်ဇင်က စီးပွားဖြစ် လျှပ်စစ်မီးအိမ်များ တီထွင်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ၎င်းအားခေါ်ယူခဲ့သည်။ ၁၈၈၂ခုနှစ်တွင် လျှပ်စစ်မီးအိမ်အတွင်း၌ အသုံးပြုသည့် ကာဗွန်နန်းကြိုးမျှင်အများအပြား ထုတ်လုပ်နိုင်သည့် ကိရိယာကို သူတီထွင်သည်။

ဆောင်ရွက်

ယင်းနောက် မက်ဇင်လျှပ်စစ်မီးအိမ်အတွက် ပူးတွဲမူပိုင်ခွင့်ရရှိသည်။ ထို့ပြင် လျှပ်စစ်မီးလုံးများအတွက် ဝက်အူရစ်ပါသော သစ်သားပလက်ပေါက်ကို တီထွင်ပြီး မူပိုင်ခွင့် မှတ်ပုံတင်သည်။ နယူးယောက်မြို့ ဖီလာဒဲလ်ဖီးယား၊ မွန်ထရီယယ်နှင့် လန်ဒန်မြို့တို့၌ လျှပ်စစ်လမ်းမီးများ တပ်ဆင်ရေးကို လူဝီဟောင်းဝပ်လက်တီမာ ကြီးကြပ်ဆောင်ရွက်ပေးသည်။

ထင်ရှား

၁၈၈၄ခုနှစ်တွင် သူသည် အက်ဒီဆင် လျှပ်စစ်မီးကုမ္ပဏီတွင် အင်ဂျင်နီယာဖြစ်လာသည်။ သောမတ်အက်ဒီဆင်၏ တီထွင်သူများအဖွဲ့တွင်တစ်ဦးတည်းသောအာဖရိက နွယ်ဖွား အမေရိကန် နိုင်ငံသားအဖြစ် ထင်ရှားသည်။ ထိုအချိန်တွင် အလင်းရောင်ထွက်သော လျှပ်စစ်မီးဟူသော စာတမ်းကို သူရေးသားလိုက်သောအခါ လျှပ်စစ်မီးနှင့်ပတ်သက်၍ ပထမဆုံး အင်ဂျင်နီယာလက်စွဲစာအုပ်အဖြစ် ထင်ရှားသည်။

သူ၏ အလင်းရောင်ထွက်သော လျှပ်စစ်မီးဟူသော စာတမ်းမှာ လျှပ်စစ်မီးနှင့်ပတ်သက်၍ ပထမဆုံး အင်ဂျင်နီယာ လက်စွဲစာအုပ်အဖြစ် ထင်ရှား။

မျက်မှောက်ကာလတွင် မီးသီးအတွင်း ကာဗွန်ထက် အဖြိုက်နက်နန်းကြိုးမျှင်ကို သုံးစွဲနေသော်လည်း လျှပ်စစ်မီးထိန်ထိန် ညီးအောင် အလင်းဆောင်ပေးနိုင်ခြင်းမှာ လူဝီဟောင်းဝပ်လက်တီမာ၏ ကျေးဇူးမကင်းဟု ဆိုရမည်ဖြစ်ပါသည်။ ။

ကိုးကား - အင်တာနက်

တိုး - ရေးသားသည်

ဘဝဒဿန

An awful lot of such opportunities slip by those who hesitate too lons.

အခွင့်အလမ်းများသည် ဖင့်နွှေးကြန့်ကြာလွန်းသည့် လူများထံမှ လျှောထွက်သွားတတ်သည်။

(ရှိတ်စပီးယား)

A decision is struck it should not be rechewed or reworried.

ဆုံးဖြတ်ချက်ချပြီးသည့် ကိစ္စတစ်ရပ်ကို နောက်နောက်ပြန်ပြီး စားမြုံ့ပြန်ခြင်း၊ သောကရောက်ခြင်းတို့ မဖြစ်သင့်ပေ။

(ဟင်နရီအက်စ်ထရူးမင်း)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့် မြကေခိုင်စိုး

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ဩဂုတ် ၂၈ရက်က ချမ်းအေးသာစံမြို့နယ် ၆၂လမ်းအား ၃၅လမ်းမှ ၂၆လမ်းအထိ လမ်းသားအကျယ် တိုးချဲ့ထပ်ပိုးလွှာတင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၃၁၃)

ကျောင်းကုန်း၌ တိုင်းရင်းဆေးကုဋ္ဌာနခွဲ ဖွင့်လှစ်

ကျောင်းကုန်း စက်တင်ဘာ ၁၄

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာ၌ စက်တင်ဘာ ၅ရက်က တိုင်းရင်းဆေးကုဋ္ဌာနခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်မြင့်က ဆေးခန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းရာ ကျေးရွာရပ်မိရပ်ဖ ဦးကျော်ငြိမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်ပြီး တိုင်းရင်းဆေးကုဋ္ဌာနခွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂန့်ဂေါ၌ ကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၈

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ် ၂၈ရက် နံနက် ၈နာရီက ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ပြိုင်ပွဲသို့ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ခရိုင်ဥက္ကဋ္ဌ ဦးမြင့်လှိုင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပပြီး ဆုပေးပွဲကို ဩဂုတ် ၂၉ရက် ည ၇ နာရီကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမြင့်လှိုင် **(ဝဲပုံ)**၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်း၊ အတွင်းရေးမှူး ဦးကျော်ခိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်ထွန်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိန်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။**(ဝ၇၁)**

တာချီလိတ်ခရိုင် အထက်တန်းကျောင်းများတွင် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

တာချီလိတ် စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးစိုးသည် တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောပွဲ၊ ရွှေတြိဂံ နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက တာချီလိတ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတူးမောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဦးစီးမှူး ဦးစိုးစိုးက ပညာရဲရင့်ပွဲလယ်တင့်စေချင် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။ ထို့နောက် ပြသထားသည့် ရွှေတြိဂံ နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။

ဟောပြော

ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးစိုးစိုး၊ တာချီလိတ်ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်နှင့်ဝန်ထမ်းများသည် မွန်းလွဲ ၁ နာရီတွင် ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၌ ဟောပြောပွဲ ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအတူးက အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူး ဦးစိုးစိုးက အသိပညာပေးဟောပြောသည်။

ထို့အတူ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင်လည်း တာလေမြို့အခြေခံပညာအထက်တန်းကျောင်း၌ ဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်မြင့်ဆွေသည် ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ကုန်စည်များ တည်ခင်းရောင်းချရာတွင် သပ်ရပ်မှုရှိစေရေး၊ ဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး စာပေဟောပြောပွဲ ကျင်းပ

ကျွန်းလှ စက်တင်ဘာ ၁၉

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး စာပေဟောပြောပွဲကို ဩဂုတ်၂၇ရက် မွန်းလွဲ၁နာရီက ကျွန်းလှမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာ ညွှန့်သောင်းက ကြက်၊ငှက်တုပ်ကွေးရောဂါ၊ ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုများနှင့် ကြိုတင်ကာကွယ်ကုသမှုများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ နေမင်းမျိုးထွန်းက ကမ္ဘာ့လူတုပ်ကွေး ရောဂါဖြစ်ပွားမှုနှင့် ကြိုတင်ကာကွယ် ကုသမှုများကို ရှင်းလင်းဟောပြောကြသည်။

ဟောပြော

ထို့နောက် စာရေးဆရာ၊ ဒါရိုက်တာဇွန်မောင်မောင်နှင့် စာရေးဆရာမောင်ယဉ်ဦးတို့က အသိပညာပေး သုတ၊ ရသစာပေများကို ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဝေးပြေးလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ဩဂုတ်၂၉ရက်က အမှုဆောင်အရာရှိ ဦးကျော်လှ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၇၆)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ ဇလွန်မြို့နယ် ငြိမ်းအေးကျေးရွာအုပ်စု၌ ကျင်းပ

ဇလွန် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားချက်နှင့်အညီ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းဥပဒေ စည်းကမ်းနှင့်အညီ လိုက်နာလုပ်ကိုင်နိုင်ရေး၊ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ပွားများရေး၊ ငါးရိက္ခာတိုးတက်ထုတ်လုပ်ရေးအတွက် ပညာပေးဟောပြောခြင်း အခမ်းအနားကို ဇလွန်မြို့နယ် ငြိမ်းအေးကျေးရွာအုပ်စု၌ စက်တင်ဘာ ၈ရက် နံနက်၁၁နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်မောင်က ဇလွန်မြို့နယ်အတွင်း ဂရန်အင်း ၄၅အင်းရှိပြီး ငြိမ်းအေးကျေးရွာအုပ်စုရှိ ခုနစ်အင်းတွင် လုပ်ကိုင်ကြသော အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများအနေဖြင့် ရေချိုငါးလုပ်ငန်းဥပဒေ၊ အင်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ကိုင်နိုင်ရေး ရှင်းလင်းဟောပြောရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်းက ရေချိုငါးလုပ်ငန်း ရေပြင်များတွင် ငါးသယံဇာတ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဆည်၊ တာတမံ၊ မြစ်ချောင်း၊ စပါးခင်းများ၊ ဂရန်အင်းများအတွင်း ငါးရိက္ခာတိုးတက်ထုတ်လုပ်ရေးအတွက် ငါးမျိုးစိုက်ထည့် ဆောင်ရွက်မှုအခြေအနေများ၊ ငါးလုပ်ငန်းဦးစီးဌာန၏ စည်းကမ်းဥပဒေနှင့်အညီ လိုက်နာလုပ်ကိုင်နိုင်ရေးနှင့် ပြည်သူများ ငါးရိက္ခာဖူလုံအောင် စားသုံးနိုင်ရေးအတွက် အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရန် ပညာပေးဟောပြောကြသည်။

အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးတင်မောင်မောင်၊ ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမင်းမင်းနှင့် ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ငြိမ်းအေးအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့၊ အင်းလုပ်ငန်းရှင်များနှင့် ကျေးလက်ဒေသနေ ရေလုပ်သားများ တက်ရောက်ကြသည်။ (၁၇၇)

ရေငှတ်များရေရရှိမှု

ဩဂုတ် ၃၀ရက်က မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် နန်းရှေ့ ဒေါနဘွားရပ်ကွက်အတွင်းရှိ အရေးပေါ်မီးသတ် ရေငှတ်များ ရေရရှိမှု အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်သူနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(၀၉၀)

လက်ပံတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

လက်ပံတန်း စက်တင်ဘာ ၁၈

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ထောက်ပံ့ငွေပေးအပ်ပွဲကို အဆိုပါရုံးခန်းမ၌ စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက ကျင်းပရာ သဘာပတိဒုတိယဗိုလ်မှူးကြီး သိန်းဟန်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုအရာခံဗိုလ်မြင့်ရွှေ(ငြိမ်း)က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးမောင်ဝင်းက ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကာ အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းသားသမီး တက္ကသိုလ်ဝင်တန်းတစ်ဦးအပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၈၇ဦးအတွက် ငွေကျပ်၃၅၀၀၀၀ကို သက်ဆိုင်ရာ စည်းရုံးရေးမှူးများထံ ပေးအပ်သည်။**(၁၇၅)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၂၂

စက်တင်ဘာ ၂၂ ရက် နံနက် ၀၂ နာရီ ၀၉ မိနစ် ၁၇ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၂၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းတစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နေပြည်တော်လယ်ဝေးမြို့နယ် အေလာတွင် အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးမည်

နေပြည်တော်လယ်ဝေး စက်တင်ဘာ ၂၂

နေပြည်တော် လယ်ဝေးမြို့နယ် အေလာတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လိုင်း ၅၀၀ အော်တိုတယ်လီဖုန်းအိတ်ချိန်း စက်မှုအဆောက်အအုံ တည်ဆောက်ပြီး စက်များတပ်ဆင်ပြီးပြီဖြစ်သဖြင့် ဩဂုတ်၂၇ရက်မှစတင်၍ အေလာရပ်ကွက်ကြီး လေးရပ်ကွက်တွင် အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးရန်အတွက် အော်တိုတယ်လီဖုန်းတပ်ဆင်ရေးကြီးကြပ်မှုကော်မတီမှ လျှောက်လွှာများခေါ်ယူနေကြောင်း သိရသည်။ (၀၈၃)

ဖွံ့ဖြိုးစည်ပင် ကျွန်းလှမြို့နယ်တစ်ခွင်



စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် မကျီးအင်းကျေးရွာမှ တောင်သူလယ်သမားကြီး ဦးကျော်စိန်၏ မိုးမြေပဲစိုက်ခင်းကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ဖြူး-မြင့်ဦး

➢ သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ဖြူး-မြင့်ဦး ➢ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၂

ကျွန်းလှမြို့ ခရီးစဉ်….။

ဩဂုတ် ၁၇ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မှထွက်ခွာလာသည့် ရန်ကုန်-မန္တလေး အမှတ်(၃)အဆန်ရထားဖြင့် မန္တလေးသို့ စီးနင်းလိုက်ပါခဲ့သည်။ လမ်းခရီးတစ်လျှောက် ရထားလမ်းဘေးဝဲယာရှိ လယ်ကွင်းများ၌ စိမ်းစိုလန်းဆန်းယိမ်းကနေသည့် ပြည့်ဝမ်းစာစပါးစိုက်ခင်းများကို တွေ့ရသည်မှာ ရှုင်လန်းအားရဖွယ်မြင်ကွင်းပင်….။

စာမျက်နှာ ၇ ကော်လံ ၁ *